# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လှိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

လှိုင်ကော် ဩဂုတ် ၁၇

ကယားပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ပုံမှန်အတိုင်း အေးချမ်းစွာပညာသင်ကြားနိုင်ရန်အတွက် ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ဆရာ ဆရာမဝန်ထမ်းအိမ်ရာများကိုလည်း လိုအပ်သည်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ ◆


## ယနေ့ ဖတ် စ ရာ




ပြည်သူအများ အားထားရာ ပြည်သူ့ဆေးရုံကြီးများ

ဆောင်းပါး

စာ ၁၀





ဘားအံမြို့ရဲ့ ခရီးစဉ်အသစ် ဖြစ်လာတော့မယ့် ပဒုမ္မာလိုဏ်ဂူ၊ ဖောင်တော်ဦးစေတီနဲ့ ရေတံခွန်

ရွှေနိုင်ငံ မြင်ကွင်းကျယ်

စာ ၁၈





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(International Military Technical Forum) (ARMY-2024)သို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ကျင်းပခဲ့သည့် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum) (ARMY–2024) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **(ယာပုံ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum) (ARMY–2024) ဖွင့်ပွဲအခမ်းအနားနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum) (ARMY–2024)ဖွင့်ပွဲအခမ်းအနားနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

## လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Vladimir Putin က Video Conferencing ဖြင့် မိန့်ခွန်းပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ Army Forum 2024 ကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဖိတ်ကြားထားသော ကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအသီးသီးတွင် ပြသထားသည့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်ထားရှိသည့် စစ်လက်နက်ပစ္စည်းများ၏ စွမ်းဆောင်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စစ်လက်နက်ပစ္စည်းများ၊ စစ်သုံးယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဩဂုတ် ၁၃ ရက် နံနက်ပိုင်း၌ Army 2024 ဖိုရမ် ပြခန်းများ ခင်းကျင်းပြသထားမှုကို ဒုတိယနေ့အဖြစ် သွားရောက်ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် ခေတ်သစ်စစ်ပွဲတွင် အသုံးပြုနေသည့် သတင်းလုံခြုံမှုစနစ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Drone နှင့် Anti Drone နည်းပညာဆိုင်ရာ ပစ္စည်းများ၊ အဆင့်မြင့်ထုတ်လုပ်ထားသည့် လက်နက်/ခဲယမ်းဆိုင်ရာ ပစ္စည်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြခန်းအတွင်း ပြသထားသည့် တိုက်ခိုက်ရေးယာဉ်များ၊ စစ်လက်နက်ပစ္စည်းများ၊ UAV နှင့် Drone များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ် (Mr. Andrei Belousov)နှင့် တွေ့ဆုံ၍ **(ဝဲပုံ)** နှစ်နိုင်ငံဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ ပညာတော်သင် သင်တန်းသား စေလွှတ်ရေးနှင့် မြန်မာနိုင်ငံနှင့် ဒေသတွင်း လတ်တလောဖြစ်ပေါ်နေမှုအခြေအနေတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

## တွေ့ဆုံအားပေး

ဩဂုတ် ၁၄ ရက်တွင် မြန်မာသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးနှုတ်ဆက်၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံး မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် Army 2024 ဖိုရမ်တွင် ခေတ်မီနည်းပညာဆိုင်ရာ ပြခန်းပေါင်း ၁၅၀၀ ကျော် ပြသခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဆင့် ၂၁ ဦး အပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ကာကွယ်ရေးဆိုင်ရာအဆင့်မြင့် ကိုယ်စားလှယ် အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကိုသာကေတ မြို့နယ် တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ယနေ့နံနက် ပိုင်းက ကျင်းပရာ ဆရာတော် သံဃာတော်များ ကြွရောက်တော် မူကြပြီး ဘာသာရေးခေါင်းဆောင် များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး ခေါင်းဆောင် စောထွန်းအောင်မြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံ ပေးအဖွဲ့ဝင် စောဒန်နီရယ်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန် တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောဂျက်ကော့ ထူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဌာန ဆိုင်ရာများနှင့် ကရင်တိုင်းရင်း သား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်း မောင်၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် စောထွန်း အောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟို အကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊





ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီး ဦးစောဂျက် ကော့ထူးတို့က ဖားစည် (၉) ချက် တီးကာ ကရင်လူငယ်များက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်နှုတ်ခွန်း ဆက်အမှာစကား ပြောကြား သည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံ ပေးအဖွဲ့ခေါင်းဆောင် စောထွန်း အောင်မြင့်နှင့် တိုင်းဒေသ ကြီးဝန်ကြီးချုပ်တို့က နှုတ်ခွန်း ဆက်အမှာစကားများ ပြောကြား ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး ကြသည်။

ထို့နောက် ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကို ဆက်လက်ပြုလုပ် ရာ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းလူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများ သယ်ဆောင် ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွား များအား စနစ်တကျ ဖိတ်ခေါ် ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ဧည့်သည်တော်များ အား ဘိုးဘွားများက ကရင်ရိုးရာ ချည်ဖြူဖွဲ့ ပေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံ ပေးအဖွဲ့ခေါင်းဆောင် စောထွန်း အောင်မြင့်၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တို့က ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားအတွက် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရ သည်။ **ဆန်းကျော်ဦး(မြန်/ဆက်)**

◆ *ရှေ့ဖုံးမှ*

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ် သည်များ အမြန်ပြန်လည်ဆောင်ရွက်နိုင်ရေး တာဝန် ရှိသူများအား မှာကြားကာ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး ကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန် ရှိသူများသည် သီရိမင်္ဂလာ(ယာယီ)ဈေးသို့ သွားရောက် ၍ ဈေးအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ် ဆောင်ရွက်မှုဖြင့် ပြည်သူများအား သက်သာသော နှုန်းထားဖြင့် စားသုံးဆီရောင်းချပေးနေသည့်အခြေ အနေအား ကြည့်ရှုခဲ့ပြီး သတ်မှတ်နှုန်းထားအတိုင်း ရောင်းချနေမှုရှိ မရှိနှင့် ဆီသုံးစွဲဝယ်ယူလျက်ရှိသော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေး စကားပြောကြားခဲ့သည်။ သီရိမင်္ဂလာဈေးအတွင်း ပြည်သူများအား လွယ်ကူသက်သာစွာ ဝယ်ယူသုံးစွဲ နိုင်ရေးအတွက် နေ့စဉ်ဆီပိဿာ ၂၀၀၀ ခန့် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်းနှင့် ဝန်ထမ်းများ နေထိုင်ရာနေရာများသို့ မော်တော်ယာဉ်ဖြင့် လိုက်လံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**


ထို့နောက် ယာယီဈေးအတွင်း ရောင်းဝယ် ဖောက်ကားလျက်ရှိသည့် ပြည်သူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်စကား ပြောကြားခဲ့ပြီး သီရိမင်္ဂလာ ဈေးအသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်၍ ဈေးဆိုင်ခန်း တည်ဆောက်နေမှု၊ အုတ်မြစ်ချလုပ်ငန်း၊ သံထည်လုပ်ငန်းများဆောင်ရွက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းများ ပြီးစီး နိုင်မည့်အခြေအနေများကို သက်ဆိုင်ရာ တာဝန်ရှိသူ များက ရှင်းလင်းတင်ပြခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးများပြည့်မီစေရေးနှင့် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန် ရှိသူများသည် လွိုင်ကော် – ပွန်ချောင်း – ရှားတော မြို့အဝင် လမ်းမကြီးတစ်လျှောက်တွင် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆောင်ရွက် ပြီးစီးပါက ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဝန်ထမ်း များ ပြန်လည်နေရာချနိုင်ရေးနှင့် လမ်းမပေါ်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် နောင်ယား(က)ရပ်ကွက်ရှိ ခရစ်တော် ဘုရင်ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်း ဝင်းအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် အကြမ်းဖက်သောင်းကျန်း သူများ၏ အဖျက်အမှောင့် ဆောင်ရွက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်းအဆောက် အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ခရစ်ယာန်ဘာသာဝင်များ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက် ပေးနိုင်သည်များကို အမြန်ဆုံးပြန်လည် ပြုပြင်နိုင် ရေး ဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူ များအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးများ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသည့် Seminar On ASEAN-China Forum for Peaceful Use of Nuclear Technology သို့ တက်ရောက်



**နေပြည်တော် ဩဂုတ် ၁၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့သည် ယမန်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် Seminar On ASEAN–China Forum for Peaceful Use of Nuclear Technology သို့ တက်ရောက်သည်။

ဦးစွာ China Atomic Energy Authority မှ Vice Chairman Mr. Liu Jing က အဖွင့်အမှာစကား ပြောကြားပြီး သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာရှင်များက ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဒေါက်တာ မျိုးသိန်းကျော်တို့သည် China Atomic Energy Authority မှ Vice Chairman Mr . Liu Jing နှင့် China National Nuclear Cooperation မှ Vice Chairman Mr.Zhang Kai တို့နှင့် နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် ပတ်သက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးကြပြီး ညနေပိုင်းတွင် China Atomic Energy Authority က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် China National Nuclear Cooperation မှ ခင်းကျင်းပြသသော ပြခန်းသို့ သွားရောက်ကြည့်ရှုကြရာ China Atomic Energy Authority မှ Vice Chairman Mr. Liu Jing က ကြိုဆိုပြီး အဏုမြူစွမ်းအင်ဆိုင်ရာများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း 3rd voice of Global South Summit ၏ ကျန်းမာရေးဝန်ကြီးများ ဆွေးနွေးပွဲသို့ Video Conferencing စနစ်ဖြင့် တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံအစိုးရက ယနေ့တွင် 3rd voice of Global South Summit ညီလာခံကို “An Empowered Global South for a Sustainable Future” ခေါင်းစဉ်ဖြင့် ကျင်းပရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီ Shri Narendra Modi တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အဆိုပါညီလာခံ၏ ကျန်းမာရေးဝန်ကြီးများ ဆွေးနွေးပွဲကို “ One World– One Health ” ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက Video Conferencing စနစ်ဖြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။




ဦးစွာ အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးနှင့် မိသားစုဖူလုံရေး ပြည်ထောင်စုဝန်ကြီး Shri Jagat Prakash Nadda က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများနှင့် Digital Health လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့်လည်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး အစားအသောက်ကွင်းဆက်တစ်ခုလုံး ထုတ်လုပ်မှုမှသည် စားသုံးသည်အထိ ဘေးကင်းလုံခြုံရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံများ၌ ရေးနှစ်ပေါင်းများစွာကတည်းက ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍကို ချန်ထားခဲ့၍ မရပါကြောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တို့အနေဖြင့် ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များ ထိန်းသိမ်းခြင်း၊ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာရပ်နှင့် ပတ်သက်၍ အတွေ့အကြုံဗဟုသုတ ဖလှယ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ်ဖက်နိုင်ငံများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း World Health Organization SETPS survey အား တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ကျန်းမာသော လူနေမှုဘဝပုံစံ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့အား ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ “One World, One Health” ခေါင်းစဉ်ဖြင့် မိမိတို့ပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် မိမိတို့အတူတကွ တာဝန်ယူပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ SCO အဖွဲ့ဝင်နိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ ပစိဖိတ်ကျွန်းစုနိုင်ငံများ စုစုပေါင်း ၁၅ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်၍ အမှာစကားများ ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြ

**ကျောက်ဆည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၌ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသခြင်းကို ဩဂုတ် ၁၆ ရက်က ပြုလုပ်သည်။



အဆိုပါ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိပြီး ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် လေ့ကျင့်သရုပ်ပြသရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၉၀ တို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မောင်ကျော်ကြီး**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပန်းဘဲတန်းမြို့နယ် “နှင်းဟေမာန်” မျက်မှန်ကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် “နှင်းဟေမာန်” မျက်မှန်ကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်း၏ ဒါရိုက်တာအဖွဲ့ဝင် ဦးရဲဝင်းကိုက ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းများနှင့် ပတ်သက်၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများကို နှင်းဟေမာန် မျက်မှန်ကုန်ထုတ်လုပ်ငန်းအသင်းလီမိတက်အသင်းသားများအား အစုပေါ်အမြတ်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ၏ သားသမီးများကို ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့



**နေပြည်တော် ဩဂုတ် ၁၇** ဆေးဝါးစက်ရုံ(အင်းစိန်)ရှိဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ (အင်းစိန်) ဆေးဝါးစက်ရုံ သမိုင်းပြခန်း၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် အရာထမ်း/အမှုထမ်းများ၊ အခြေခံပညာနှင့် တက္ကသိုလ်အဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်သည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဝန်ထမ်းသားသမီးကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် အခြေခံပညာနှင့် တက္ကသိုလ်အဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီး ၅၉၈ ဦး အတွက် ငွေကျပ် ၁၀၁ သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆေးဝါးစက်ရုံများအတွက် ကုန်ကြမ်းပစ္စည်းများ၊ စက်အရန်ပစ္စည်းများ ပေးသွင်းနိုင်ရေးအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးသည်။

**လူများ၏အသက်ကိုကယ်တင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ ဌာနကြီးမှူးများနှင့် တွေ့ဆုံ၍ ဆေးဝါးစက်ရုံများ အနေဖြင့် ပြည်သူများအတွက် အခြေခံအကျဆုံးဆေးဝါးများအပါအဝင် ဆေးဝါးအမျိုးပေါင်း ၂၀၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးစက်ရုံများအနေဖြင့် လူများ၏ အသက်ကိုကယ်တင်သည့် ဆေးဝါးများကို ထုတ်လုပ်ပေးနေခြင်း ဖြစ်သည့်အတွက် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်တိုင်းကို အထူးဂရုပြု၍အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က "ဆေးဝါးဆိုတာ ပြည်သူတွေရဲ့ အသက်ကယ်တဲ့ ပစ္စည်းဖြစ်၍ ဆေးဝါးထုတ်လုပ်မှုကို ဆောင်ရွက်နေခြင်းသည် မွန်မြတ်သောကုသိုလ်ကို ပြုလုပ်ခြင်းဖြစ်တယ်" ဟု မိန့်မှတ်ချက်ပြုခဲ့ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ပြည့်ဝပြီး တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားသည်။

**ခေတ်မီနည်းပညာရပ်များရရှိရေး**

မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဝတ်ဆင်ရေးကဏ္ဍ ပြည့်စုံဖူလုံစေရေးအတွက် ဝါမှ ဝါဂွမ်း၊ ချည်၊ အထည်ရက်လုပ်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ချည်မျှင်များ၏ အရည်အသွေး ကောင်းမွန်ရေးအတွက် စက်ပစ္စည်း ကိရိယာများကို အဆင့်မြှင့်တင်ခြင်း၊ ချိန်ညှိခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဂွမ်း၊ ချည်၊ အထည်စမ်းသပ်စစ်ဆေးသည့် ခေတ်မီနည်းပညာရပ်များရရှိရေးအတွက် လေ့လာသင်ယူမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ရောက်ရှိပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စက်ရုံ/အလုပ်ရုံများ တည်ဆောက်လည်ပတ်ရာတွင် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံပုံစံ၊ စက်ပစ္စည်းများထားရှိမည့်ပုံစံ စသည်တို့ကို လက်မှတ်ရ အင်ဂျင်နီယာများက စစ်ဆေး၍အတည်ပြုလက်မှတ်ရေးထိုး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဗဟိုအလုပ်အမှုဆောင်များက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့် ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄၊ တတိယနေ့အစီအစဉ်များကို စင်ကာပူ - မြန်မာ သက်မွေးပညာသင်တန်းကျောင်းနှင့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတို့၌ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း အေဂျင်စီ (ROSATOM) နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၄၊ တတိယနေ့ အစီအစဉ်များကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ တက်ရောက်အားပေး သည်။

**စကားဝိုင်းဆွေးနွေး**

နံနက်ပိုင်း၌ ဒုတိယဝန်ကြီးသည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းရှိ စုဝေးခန်းမ၌ နိုင်ငံ့အကျိုးပြု အမျိုးသမီးသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရေး မျိုးစေ့ချပေးသည့် အနေဖြင့် ရည်ရွယ်ကျင်းပသော ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ် တို့မှ အမျိုးသမီးသိပ္ပံပညာရှင် နှစ်ဦး၏ "Tough question: become a Female Scientist" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်အားပေးသည်။




ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းတို့မှ ကျောင်းသား ကျောင်းသူ ၁၅၂ ဦးနှင့် ဆရာမရှစ်ဦးတို့ တက်ရောက်ကြသည်။ ပညာရှင်တို့က သိပ္ပံနှင့်နည်းပညာ၊ နျူကလီးယားနှင့် အင်ဂျင်နီယာဘာသာရပ်များ၏ အရေးပါမှုနှင့် ဗဟုသုတများ၊ သိပ္ပံပညာရှင်ဖြစ်ရန် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပညာရှင်များက ပြန်လည် ဖြေကြားကြသည်။ တစ်ဖန် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးပွဲအပေါ် နားလည်သဘောပေါက်မှုနှင့် ရရှိသည့် ဗဟုသုတများကို အပြန်အလှန်အဖြစ် မေးမြန်းဆွေးနွေးကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖြေဆိုမှုမှန်ကန်သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတွင် ပွဲတော်၏ သိပ္ပံနှင့် နျူကလီးယားနည်းပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများတွင် ပါဝင်ကူညီပေးကြပြီး ROSATOM မှ ချီးမြှင့်သည့် ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် မဟာဘွဲ့ပညာသင်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးက ဆုများကို ချီးမြှင့်ပေးအပ်သည်။

**ဉာဏ်စမ်းဂိမ်းများယှဉ်ပြိုင်**

ဆက်လက်၍ အဆိုပါစင်တာ၌ ကျင်းပသော DIY Science Session ၌ ROSATOM မှ တာဝန်ရှိသူများက သိပ္ပံဘာသာရပ်များဆိုင်ရာ စဉ်စားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည်များကို မြှင့်တင်ပေးနိုင်သည့် ဉာဏ်စမ်းဂိမ်းများကို ယှဉ်ပြိုင်စေရာ ဒုတိယဝန်ကြီးသည် ဝင်ရောက်ဆင်နွှဲသည့် ကျောင်းသား ကျောင်းသူများကို လှည့်လည်ကြည့်ရှုအားပေးပြီး ထူးချွန်ဆုရရှိသူများအား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် အဆိုပါစင်တာရှေ့တွင် ကျောင်းသား ကျောင်းသူများက ATOM စာလုံးကို ပုံဖော်နေရာယူ၍ "May the Nuclear Force be with You" စာသားများ ရေးထိုးထားသော အမှတ်တရ မိုးပျံပူဖောင်းများကို ကောင်းကင်သို့ လွှတ်တင်၍ သိပ္ပံပွဲတော် ၂၀၂၄ ကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**ပင်လုံ ဩဂုတ် ၁၇** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လွိုင်လင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဦးစီး၍ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုး သားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲ ကို ယနေ့ နံနက်ပိုင်းက ပင်လုံမြို့နယ်သပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် လွိုင်လင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းပြောကြားသည်။ ထို့နောက် ငါးသားပေါက်များကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးဟာလိန်းမောင်နှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းသို့ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၇**
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



**ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှု**

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ဘုရားဖူးလာ အဖွဲ့ဝင်များသည် ဗုဒ္ဓဉယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဉယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဉယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး အခြား သာသနိကအဆောက်အဦများအား ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ် အ.ထ.က တာခွ၌ လူငယ်စကားဝိုင်းကျင်းပ

**မြန်အောင် ဩဂုတ် ၁၇**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းများ ကျင်းပလျက်ရှိရာ ယနေ့ နံနက်က အ.ထ.က တာခွကျောင်းခန်းမ၌ လူငယ်စကားဝိုင်းနှင့် စာဖတ်ရိုန်မြှင့်တင်ရေးလုပ်ငန်းများ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်း အခမ်းအနားတွင် မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းကို အ.ထ.က တာခွ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာနှင့် ပြန်/ဆက် ဦးစီးအရာရှိ ဦးဇော်မင်းထွန်းတို့ဦးဆောင်၍ Grade–11 မှ မောင်အောင်မြင့်မြတ်က လူငယ်နှင့်အောင်မြင်မှု၊ Grade–10 မှ မနေနီလင်းက လူငယ်နှင့်စာကြည့်တိုက်၊ Grade–10 မှ မောင်ခန့်ကိုကိုဇော်က လူငယ်နှင့်နည်းပညာ၊ Grade–11 မှ မရွှေရည်လင်းလက်က လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး စာဖတ်ရိုန်မြှင့်တင်ရေးအတွက် ကျောင်းစာကြည့်တိုက်တွင် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် စာအုပ်စာစောင်များပြသ၍ စာဖတ်စွမ်းရည် တိုးတက်စေရန် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်အောင်)**




## သာယာဝတီခရိုင်အတွင်း ရေကြီးမှုကြောင့်ပျက်စီးခဲ့သော တံတားနှင့်လမ်းတာပေါင်လမ်းပိုင်းပျက်စီးမှုများ ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဩဂုတ် ၁၇**
သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင် နီယာချုပ် ဦးထွန်းဝေ၊ ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဗိုလ်ဗိုလ်မြင့်နှင့် ဌာနတာဝန်ရှိသူများသည် ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် သာယာဝတီမြို့ အင်းရွာ – သခင်ဗျော – ဘီးလင်းလမ်းပေါ်ရှိရေတိုက်စားခြင်းကြောင့် ပြိုကျပျက်စီးသွားသော တံတားနေရာတွင် အရေးပေါ်ဘေလီသံပေါင်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန် ထမ်းဆောင်နေကြသည့် ခရိုင်နှင့်မြို့နယ်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် ရွာမ–ကျွန်းကလေးလမ်း လမ်းတစ်လျှောက်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် အပိုင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား မှာကြားခဲ့ကြောင်း သိရသည်။ **သက်ထက်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီး Biometric ကောက်ယူ



**နေပြည်တော် ဩဂုတ် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ Shan International Co,Ltd ငါးအအေးခန်းစက်ရုံ၌ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအား ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ဆောင်ရွက်ကြသည့် စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအား နိုင်ငံသားကတ်နှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်း၍ သန်းခေါင်စာရင်းအင်္ကျီနှင့် ဦးထုပ်များ ဝေငှပေးပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများက လုပ်ငန်းစဉ်အဆင့်အလိုက် ဥပဒေနှင့်အညီ နိုင်ငံသားကတ်ထုတ်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများနှင့် အသစ်ထုတ်ပေးပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း ရွှေလင်ဗန်းစက်မှုဇုန်အပါအဝင် စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ အလုပ်သမားများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၇ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၁၅ ကတ်တို့ကို ဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို Biographic / Biometric ကောက်ယူ၍ UID နံပါတ်တစ်ပါတည်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် သစ်မျိုးစုံ ၂၇၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

**ဘားအံ ဩဂုတ် ၁၇**

ကရင်ပြည်နယ်အတွင်း ယခုနှစ် မိုးရာသီတွင် သစ်မျိုးစုံ ၂၇၀၀၀၀ စိုက်ပျိုးရန် သစ်တောဦးစီးဌာနက လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ် ရှိသော သစ်မျိုးစုံ ၂၂၂၁၈၅ ပင်ကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် အမှတ်(၁) တန် ၉၀၀ ဘိလပ်မြေစက်ရုံမြိုင်ကလေးတွင် ကျင်းပသည့် မိုးရာသီ(ဆဋ္ဌမအကြိမ်) သစ်ပင်စိုက်ပွဲမှ သိရသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ၂၀၂၄ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု အသွင်စိုက်ပျိုးခြင်း၊ တစ်ရွာ နှစ်ဧကကျေးရွာပိုင်စိုက်ခင်းထူထောင်ခြင်း၊ ဌာနဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များသို့ဖြန့်ဝေစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူလူထုသို့ ဖြန့်ဝေစိုက်ပျိုးခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ယနေ့သစ်ပင်စိုက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က သစ်တောသစ်ပင်များသည် သဘာဝကပေးသော တန်ဖိုးမဖြတ်နိုင်သည့် ရတနာများဖြစ်ပြီး စီးပွားရေးအရသော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်းကောင်း များစွာအကျိုးကျေးဇူးပေးသည့်အတွက် ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးပြုစုထိန်းသိမ်းပေးခြင်းအားဖြင့် နောင်လာနောက်သားများအတွက် အဖိုးထိုက်တန်လှသည့် သဘာဝအမွေအနှစ်များ လက်ဆင့်ကမ်းပေးအပ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူတစ်ဦးထံ သစ်ပင်များကို ဖြန့်ဝေပေးအပ်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘိလပ်မြေစက်ရုံမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ အစရှိသော သစ်မျိုးစုံ ၁၀၈၂ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၁) ဘိလပ်မြေစက်ရုံ (မြိုင်ကလေး) ၏



ထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်သည့်ဘိလပ်မြေအမျိုးအစားနှင့်စံချိန်စံညွှန်း၊ 24 Hour Mining & industry Co.,Ltd မှ တန် ၉၀၀ ဘိလပ်မြေစက်ရုံအား တန် ၁၅၀၀ သို့ အဆင့်မြှင့်တင်မည့်အစီအမံများ၊ သံလွင်မြစ်ကမ်းတွင် ဆိပ်ခံတစ်ခု တည်ဆောက်၍ တန်-၅၀၀၀ ကျ ဘိလပ်မြေစက်ရုံအသစ်တည်ဆောက်မည့်အစီအစဉ်များနှင့် ဘိလပ်မြေအရည်အသွေးစစ်ဆေးရေးဌာန၌ ဘိလပ်မြေစံချိန်စံညွှန်းပြည့်မီရေးစစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒေသကြက်မျိုးများ ထောက်ပံ့ပေးအပ်

**မိုင်းဆတ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒေသကြက်မျိုးများ ထောက်ပံ့ပေးအပ်ခြင်းကို မယ်နင်ရွာအုပ်ချုပ်ရေးမှူးရုံးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် အိမ်ထောင်စု ၁၀ စုအတွက် ဒေသကြက်မျိုးအကောင် ၁၀၀ ကို ယနေ့ နံနက် ၈ နာရီခွဲက ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ နိုင်ထွန်းဦးက ဒေသခံမိသားစုများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊ ဒေသစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအား အခြေခံကျကျ လုပ်ဆောင်သွားနိုင်ရန် ထောက်ပံ့ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှထောက်ပံ့သည့်ဒေသကြက်မျိုးများ ပိုမိုတိုးပွားအောင် မွေးမြူစေလိုကြောင်း၊ ကြက်အကောင်ရေတိုးပွားလာပါက မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူး ဒေါက်တာ စောထက်ဝင်းနှင့် တာဝန်ရှိသူတို့က တစ်အိမ်ထောင်လျှင် ဒေသကြက်ဖတစ်ကောင်နှင့် ကြက်မ ကိုးကောင်နှုန်းဖြင့် မယ်နင်ကျေးရွာရှိ အိမ်ထောင်စု ၁၀ စု လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မောင်(မိုင်းဆတ်)**

# ကဝမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်လှုပ်ရှားမှုများဆောင်ရွက်

**ကဝ ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်လှုပ်ရှားမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ဩဂုတ် ၁၄ ရက်က မကျက်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

### အသိပညာပေး

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်အဲကလေးက တက်ရောက်လာသော ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များအား အစာအုပ်စု သုံးအုပ်စုအကြောင်း ရှင်းလင်းပြောကြားကာ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်နည်းများအကြောင်း အသိပညာပေးခဲ့သည်။

ဆက်လက်၍ သားဖွားဆရာမ ဒေါ်မြင့်ချိုက မိခင်နို့စနစ်တကျတိုက်ကျွေးနည်းကို သရုပ်ပြသင်ကြားပေးခြင်း၊ ငါးနှစ်အောက်ကလေးငယ်များအား ကိုယ်အလေးချိန် တိုင်းတာခြင်း၊ လက်မောင်းလုံးပတ် တိုင်းတာခြင်း၊ ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ




**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra နှင့်အဖွဲ့က ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၄) ၌ လာရောက်တွေ့ဆုံသည်။(ယာပုံ)

**ရှင်းလင်းပြောကြား**

ထိုသို့တွေ့ဆုံစဉ် UNDP မှ ဌာနေကိုယ်စားလှယ်က မြို့ပြဒေသတွင် နေထိုင်လျက်ရှိသည် ဆင်းရဲနွမ်းပါးသူများ ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရေးစီမံကိန်းကို ကနဦးအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ်ကုန်အထိ လှိုင်သာယာ၊ ဒဂုံဆိပ်ကမ်း၊ သန်လျင်၊ ဒလ၊ မြောက်ဥက္ကလာပ၊ ရွှေပြည်သာ၊ အင်းစိန်နှင့်တောင်ဒဂုံမြို့နယ်များတွင် နေထိုင်သော အချို့မိသားစုများ၏စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားမည့် UNDP ၏ အထောက်အပံ့ ပေးအပ်ရေးနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ပြောကြားချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုက်ရိုက်ငွေကြေးထောက်ပံ့မည့် အစီအစဉ်အစား အခြေခံစားကုန်သောက်ကုန်များ၊ လိုအပ်ချက်များကို အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း၊ ပိုမိုအကျိုးရှိထိရောက်သည့်စနစ်များဖြင့် လည်းကောင်း စဉ်းစားဆောင်ရွက်ပေးရန်ပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်သောလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် လိုအပ်သည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**လုပ်ငန်းဆိုင်ရာရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ ရွှေရောနဒီဆပ်ပြာနှင့် ခေါင်းလျှော်ရည်အမျိုးမျိုး ထုတ်လုပ်သောစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် စက်ရုံ၏ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး သုံးစွဲသူပြည်သူများ ဘေးဥပဒ်မဖြစ်စေဘဲ သင့်တင့်သောဈေးနှုန်းဖြင့်သုံးစွဲနိုင်ရေး၊ ရရှိပြီးသောဈေးကွက်အပြင် ဝယ်လိုအားမြင့်တက်လာနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် စက်ရုံ၏လုပ်ငန်းလည်ပတ်မှု ကောင်းမွန်စေရေးပြောကြားသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်နှင့်မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး တစ်လျှောက် (ကျောက်ရေတွင်းတံတားမှ ကမ္ဘာအေးဘုရားလမ်းအထိ) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လမ်းလယ်၌ မီးကြိုးများကို မြေအောက်မှ သွယ်တန်းပြီး လမ်းမီးတိုင် ၇၀ စိုက်ထူ၍ ၁၅၀ ဝပ် LED မီးလုံး ၁၄၅ လုံး တပ်ဆင် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ငါးရှဉ့်မျိုးစိတ်ကို ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုအား လေ့လာ

**နေပြည်တော် ဩဂုတ် ၁၇**

(၄၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့တွင် ငါးရှဉ့်မျိုးစိတ် (Monopterus albus, Swamp eel)ကို ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုအား လေ့လာခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် မွေးမြူရေးပညာရှင်များ၊ သုတေသီများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။



**ပါဝင်ဆွေးနွေးရန်ဖိတ်ခေါ်**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အနာဂတ် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို မိမိတို့ဝန်ကြီးဌာနက အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသကဲ့သို့ လယ်ငါးရှဉ့်သားဖောက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးကိုလည်း သုတေသနတွင် အောင်မြင်တိုးတက်မှုအပါအဝင် ပညာရှင်များနှင့် တောင်သူများ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ တောင်သူနည်းပညာဆွေးနွေးပွဲတွင် ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများမှ တက်ကြွစွာပါဝင်ဆွေးနွေးအကြံပြုပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်မှု**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေးနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်မှု အလားအလာများ၊ ရေသတ္တဝါ မွေးမြူထုတ်လုပ်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို အကြံပြုဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ပညာရှင်များနှင့် သုတေသီများက လယ်ငါးရှဉ့်ခေါ် နုန်းငါးရှဉ့်ကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဉ့်ရွေးချယ်ခြင်း၊ ငါးရှဉ့်များ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ ငါးရှဉ့်မွေးမြူနိုင်ရန်ပြင်ဆင်ခြင်း၊ ငါးရှဉ့်သားပေါက်များ စုဆောင်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ငါးရှဉ့်မျိုးစိတ်အား မတူညီသောဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဉ့်မျိုးစိတ်များ၏ မျိုးပွားမှုဆိုင်ရာ ဇီဝဗေဒကို အဓိကထားပြီး ၎င်းတို့၏ သားပေါက်ရာသီများ၊ မြေဆီလွှာနှင့် မျိုးပွားမှုအတွက် အကောင်းဆုံးအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး မေးမြန်းချက်များကို သက်ဆိုင်ရာပညာရှင်များနှင့် သုတေသီများက ပြန်လည်ဖြေကြားကြသည်။

**ဆန်းသစ်တီထွင်ဆောင်ရွက်နိုင်ရေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မွေးမြူရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်က ချမှတ်ပေးထားသည့် မွေးမြူရေးရေလုပ်ငန်းသုတေသနဆိုင်ရာမူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ မွေးမြူရေးသုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆန်းသစ်တီထွင်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်တည်တံ့သည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အပင်နှင့်ငါး တွဲဖက်၍ ပတ်ဝန်းကျင်အကျိုးပြု မြေမဲ့စိုက်ပျိုးမွေးမြူရေးစနစ် စမ်းသပ်သုတေသနဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် ပြုပြင်ကျွေးမွေး၍ အော်ဂဲနစ်နွားမွေးမြူရေး သုတေသနလုပ်ငန်းဆောင်ရွက်နေမှု၊ ကြက်ခြံနှင့် ဘဲခြံတည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ရွှေစည်းခုံဘုရား ရှေးဟောင်းစောင်းတန်းနှစ်ခုအတွင်းနှင့် ရှစ်မျက်နှာဘုရားတို့တွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေစည်းခုံဘုရားကြီး တောင်ဘက် ရှေးဟောင်းစောင်းတန်း နှစ်ခုအတွင်းနှင့် ရှစ်မျက်နှာဘုရားတို့တွင် ယနေ့နံနက် ၇ နာရီက ညောင်ဦး ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး တောင်ဘက် ရှေးဟောင်းစောင်းတန်းနှစ်ခုကြားနှင့် ရှစ်မျက်နှာဘုရားတို့တွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများကို စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းကြောင်း သိရသည်။

ဒီပါလင်း

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေမည်။

မိုး/ဇလ

# ပြည်သူအများအားထားရာ ပြည်သူ့ဆေးရုံကြီးများ

ခင်သန်းမြင့်

"ရှင်တို့က ကျွန်မတို့ကို အားမကိုးဘူးပေါ့"

"အားကိုးပါတယ် ဆရာမရယ်"

"ဒီလူနာကို အရင်က ကျွန်မတို့ဆေးရုံမှာပဲ ကုပေးခဲ့တာလေ။ ဘယ်လိုဖြစ်လို့ အပြင်ဆေးရုံရောက်သွားတာတုန်း။ ပိုက်ဆံတွေ တော်တော်ပေါတယ်ပေါ့"

"မပေါပါဘူး ဆရာမရယ်။ ချေးငှားပြီးတက်ရတာပါ။ အခုဒီဆေးရုံမှာပဲ ပြန်တက်ချင်လို့ပါ"

"ကဲ၊ ကဲ။ ဆေးရုံတက်ဖို့ ကျွန်မ ဆေးစာရေးပေးလိုက်မယ်နော်"

လူနာရှင်မိဘနှစ်ပါး၏ မျက်နှာများကား ဝင်းလက်သွားသည်။ သူတိုကား ကျောက်ကပ်ဝေဒနာရှင် သမီးငယ်ကို ဆေးဝါးကုသရန် မကွေးမြို့ ရွာနီးချုပ်စပ်ကျေးရွာတစ်ရွာမှ လာရောက်ခဲ့ကြသူများ ဖြစ်သည်။ ရန်ကုန်မြို့ရှိ ဆွေမျိုးနီးစပ် ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တတည်းခိုပြီး ပြင်ပအထူးကုဆေးရုံတစ်ရုံတွင် ဆေးရုံတက်ရောက် ကုသရာမှ နှစ်ပတ်ခန့်ကြာတော့ ငွေကြေးမတတ်နိုင်တော့၍ ယခု ခုတင်(၅၀၀) အထူးကုဆေးရုံကြီးသို့ တစ်ကျော့ပြန်ပြသခြင်း ဖြစ်ကြောင်း သိရသည်။ သို့ဖြင့် ဆေးရုံက သူတို့ကို ပြန်လက်မခံ မှာကို စိုးရိမ်ကြောင့်ကြနေရာမှ တာဝန်ကျဆရာဝန်မ၏ ရယ်ရယ် မောမော၊ နောက်နောက်ပြောင်ပြောင်၊ လှိုက်လှဲပျူငှာစွာ လက်ခံပေးမှု ကြောင့် စိတ်သက်သာရာ ရသွားခဲ့ကြလေသည်။

### အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်ပြည်သူအများ

သူတို့နည်းတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)အထူးကု ဆေးရုံကြီးအပါအဝင် ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်ပြည်သူအများအပြား လာရောက် ဆေးဝါးကုသလျက်ရှိကြသည်။

ကျွန်မ၏ ညီမဖြစ်သူကတော့ မူလက ဆီးချိုရောဂါဝေဒနာကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြသရာမှ ထပ်ဆောင်းကျောက်ကပ် ဝေဒနာဖြစ်ပြန်၍ ယခုရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာ လမ်းရှိ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် အထူးကုပြင်ပလူနာဌာနတွင် ဆက်လက်ပြသနေရခြင်းဖြစ်သည်။ မူလက တစ်ပတ်တစ်ခါ၊ နောက်ပိုင်း နှစ်ပတ်တစ်ခါ၊ ယခုတော့ တစ်လတစ်ခါသွားရောက်ပြသနေရပြီး ကျောက်ကပ်အားကောင်းလာ စေရန် တစ်လတစ်ကြိမ် ဆေးသွင်းနေရသည်။ ရက်ချိန်းစေ့၍ သူဆေးရုံသွားပြတိုင်း ကျွန်မက အကူအဖော်အဖြစ် လိုက်ပါရစမြဲ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀၀) အထူးကုဆေးရုံကြီး ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကုသရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုဖြင့်



လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး(ရန်ကုန်)။

မြန်မာနိုင်ငံသား ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဦးဆောင်၍ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုများ ပူးပေါင်းပါဝင် သည့် ဆေးအဖွဲ့သည် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့်နှစ် ဇူလိုင် ၆ ရက်က ဆိုလျှင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ၅၇ ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း ၃၅ ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ အသည်းအစားထိုးကုသမှုများကို ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက် ခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုး ခွဲစိတ်ကုသ မှုများ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများအတွက် လိုအပ်သောကုသ မှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခဲ့သည်။

### အထူးကုပြင်ပလူနာဌာနများ

ခုတင်(၅၀၀) အထူးကုဆေးရုံကြီးတွင် အဆုတ်နှင့် ရင်ခေါင်း၊ အရိုးအကြောအဆစ်၊ အကြောအဆစ်နှင့် ကိုယ်လက်အင်္ဂါပြန်လည် သန်စွမ်းရေး၊ အသည်း၊ ဆီးနှင့်ကျောက်ကပ်ရောဂါတို့အတွက် အထူးကုပြင်ပလူနာဌာနများကိုလည်း သူ့ရက်နှင့်၊ သူ့အချိန်စာရင်း အတိုင်း ဖွင့်လှစ်ကုသပေးလျက်ရှိသည်။ ကျွန်မရောက်တိုင်း ဝေဒနာရှင်ပြည်သူများ ပြတ်သည်ဟူ၍မရှိပေ။

တာဝန်ကျဆရာဝန်များက ဝေဒနာရှင်လူနာများ၏ ဆေးမှတ်တမ်းများ၊ ဆေးစစ်ချက်နှင့် ရောဂါဝေဒနာများကို ဂရုတစိုက် ကြည့်ရှုစစ်ဆေး လမ်းညွှန်ကုသပေးလျက်ရှိသလို ဝေဒနာရှင်များ၊ လူနာရှင်များကလည်း ဆရာဝန်များ၏ လမ်းညွှန်ကုသပေးမှုများအပေါ် တလေးတစား လိုက်နာကြသည်။ ဆရာဝန်များနှင့် ပြောဆိုဆက်ဆံ ရာတွင်လည်း သူတို့၏ ရောဂါဝေဒနာများကို ပျောက်ကင်းအောင် ကုသပေးနေသည့် အသက်သခင်ကျေးဇူးရှင်များပေမို့ တရိုတသေ ရှိကြသည်ကို တွေ့မြင်ရပေသည်။

### မေတ္တာနဲ့ ဦးဆောင်ပြီးတော့ ပြုလုပ်ရတဲ့အလုပ်

ကျွန်မသည် ထိုထိုမြင်ကွင်းများကိုမြင်လေတိုင်း ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့သော **"အခုလို ဆေးရုံတို့ ဆေးခန်းတို့ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေ ရောက်လာတတ်တာတုန်းဆိုတော့ ရောဂါစွဲကပ်လို့ ထိုရောဂါအတွက် စိတ်သောကရောက်တဲ့ပုဂ္ဂိုလ်တွေ ရောက်လာကြ တာ၊ ဆရာဝန် ဆရာမနဲ့တွေ့လိုက်တဲ့အခါ ရောဂါအကြောင်း ကျကျ နန ရှင်းပြလိုက်ရုံပဲ ရောဂါဟာ တစ်ဝက်လောက်သက်သာသွားတယ်။** 'ဘယ်ဆေးသောက်ရင် စားရင် ပျောက်ပါတယ်၊ မပူပါနဲ့၊ ဘယ်လို နေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ မသိသေးတာတွေကိုသိအောင် လမ်းညွှန်မှုပေးတယ်'ဆိုလို့ရှိရင် ဒါက ကိုယ့်အတွက် မေတ္တာမနောကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာကာယကံတွေ ဖြစ်တာပဲ။ မေတ္တာ ပုဗ္ဗင်္ဂမံ ဝေဇ္ဇ သိပ္ပံ။ ဝေဇ္ဇ သိပ္ပံ – ဆေးပညာအတတ် ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ – မေတ္တာနဲ့ ဦးဆောင်ပြီးတော့ ပြုလုပ်ရတဲ့အလုပ် ကိစ္စဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့လုပ်ငန်းကြီးပဲ။ မြင့်မြတ်တဲ့အလုပ်ပဲ"

"ဆရာဇီဝက ပညာသင်မလို့ လုပ်တဲ့အခါမှာ 'ဘယ်ပညာ ငါသင်ရ ကောင်းမလဲ'လို့ စဉ်းစားတယ်။ ပညာရပ်တွေ အများကြီး သူစဉ်းစားမိ တဲ့အထဲမှာ မကျန်းမမာတဲ့ပုဂ္ဂိုလ်တွေကို ကျန်းမာအောင် ကုစားပေး တဲ့ ဆေးသမားတို့ရဲ့ အတတ်ပညာဟာ မကျန်းမာတဲ့သူကို ကျန်းမာ အောင် လုပ်ပေးတာဖြစ်သောကြောင့် အလုပ်ကိုက မေတ္တာထားတဲ့ အလုပ်ဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ 'ဒီအလုပ်လောက် မွန်မြတ်တာ မရှိဘူး'လို့ဆိုပြီး ဆေးပညာအလုပ်ကို ရွေးချယ်တာလေ။

အဲဒီတော့ ကိုယ်လုပ်နေတဲ့လုပ်ငန်းဟာ အင်မတန်မှ မြင့်မြတ်တဲ့ အလုပ်ဖြစ်တယ်ဆိုတာ ရှေးဦးစွာ ခံယူထားပြီး မြင့်မြတ်တဲ့အလုပ်ကို မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ အကောင်အထည်ဖော်ရမယ်။ 'တို့ဟာ နေ့စဉ် နဲ့အမျှ ကုသိုလ်ရတဲ့လုပ်ငန်းကြီးတစ်ခုလုပ်နေရတယ်' လို့ ဝမ်းသာ ရတယ်။ တချို့က ပြောကောင်းပြောလိမ့်မယ်။ ဒါက business လုပ်ငန်း ပဲ၊ ပိုက်ဆံရလို့လုပ်တာလို့။ ပိုက်ဆံရလို့ လုပ်တယ်လို့ဆိုပေမယ့်

*စာမျက်နှာ ၁၁ သို့*

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင် သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ်ဆောင်ရွက် နေကြောင်း၊ ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများ တိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်
- ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"ဆိုသည့်မူကို ချမှတ်ပြီး မိမိတို့အစိုးရ အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှလုပ်ငန်းခွင်စွန့်ခွာ သွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိ

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ထားဝယ် ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ထားဝယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ထားဝယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်ပြည်သူ့ဆေးရုံကြီး လမ်းဘေးဝဲယာနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ဆေးရုံကြီးဝင်းအတွင်း အမှိုက်သရိုက်များ၊ သစ်ပင်ချုံနွယ်များနှင့် မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းပြီး စနစ်တကျစွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ မိုးနဲဟော်နန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မိုးနဲ ဩဂုတ် ၁၇**

ရှမ်းပြည်နယ် မိုးနဲမြို့နယ်ရှိ မိုးနဲဟော်နန်းသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်က မြို့နယ်သမဝါယမ အစည်းအဝေးခန်းမ၌ ဟော်နန်းနှင့် ဆက်စပ်သော ဌာနဆိုင်ရာများ၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးစိုင်းမောင်ကြီးနှင့် မြို့မိမြို့ဖ ဦးစိုင်းမျိုးသန့်တို့က ဟော်နန်းတည်ရှိမှုနှင့် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရှေးဟောင်းအဆောက်အအုံဖြစ်သည့်အတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းပေးကြရန်နှင့် ပျက်စီးနေသော အပိုင်းများကို ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဟော်ဝင်းအတွင်းရှိ မိုးနဲဟော်၊ မာလိန်တိုင်နှင့် ကြေးနွားရုပ်တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ် (ပြည်ထောင်စုလမ်း) မိုင်တိုင်အမှတ် (၃၆/၇) ရှင်းလင်းဆောင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မူလလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းများသတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအချိန်ပြီးစီးရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အခြေခံပညာမူလတန်းကျောင်း ဥယျာဉ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**ဇလွန် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခြေခံပညာမူလတန်းကျောင်း ဥယျာဉ်၌ ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဒီလွင်က အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးက ကျောင်းဈေးတန်းနှင့် ပြင်ပဈေးဆိုင်များတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စားသုံးရန်မသင့်သော အစားအစာများနှင့် ရရှိလာမည့် ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောကာ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များ ပြသသည်။

**ဝေယံ(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

**စိတ်ခါတ်မြင့်မြတ်ရင် (ကိုယ်မျှော်ကိုးတာက ငွေကြေးနေမဟုတ်ဘဲနဲ့နော်) တစ်ဖက်သားရဲ့ ရောဂါဝေဒနာ ပျောက်ကင်းရေးကို အာရုံစိုက်နေတဲ့အချိန်မှာ ဖြစ်တဲ့စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တာပဲ။ အဲဒီကုသိုလ်စိတ်ကို ကိုယ်အရယူဖို့လိုတယ်။**

**ရောဂါပျောက်စေချင်တဲ့စိတ်က မေတ္တာခါတ်ပဲပေါ့။ အေး၊ သမားတို့အတတ်ဟာ မေတ္တာအခြေခံပြီးတော့ လုပ်ရတာဖြစ်သောကြောင့် အဲဒီမေတ္တာအခြေခံတဲ့စိတ်ခါတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် အင်မတန်မှ ကုသိုလ်ရပါတယ်။ ကုသိုလ်ရအောင် စိတ်ထဲမှာနှလုံးသွင်းဖို့ပဲ အရေးကြီးပါတယ်”**စသည်ဖြင့် “နှစ်ဦးမေတ္တာလူတိုင်းမှာ” တရားဒေသနာတော်ကို ကြည်ညိုအမှတ်ရမိသည်။

**ဆေးရုံများ အဆင့်မြှင့်တင်မှုနှင့်အတူ လိုအပ်သည်များ ဖြည့်တင်းဆောင်ရွက်**

နိုင်ငံတော်အစိုးရကလည်း ယခုဘဏ္ဍာနှစ်အတွင်း ဆေးရုံများ အဆင့်မြှင့်တင်မှုနှင့်အတူ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများ ဖြည့်တင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၄)တွင် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့်ပတ်သက်၍ **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက်ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများ တိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း။**

**ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် “ဆေးရုံတိုင်း ဆရာဝန်ရှိရမည်”ဆိုသည့် မူကို ချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှလုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း”** ပြောကြားခဲ့ပါသည်။

ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုနေကြရသည့် အများပြည်သူများအတွက် အားတက်ဝမ်းမြောက်စရာ သတင်းကောင်းတစ်ရပ်ပါပေ။

ကျွန်မကတော့ ကျွန်မညီမကဲ့သို့ ခုတင်(၅၀၀)အထူးကုဆေးရုံကြီးတွင် တစ်လတစ်ကြိမ် ဆေးလာသွင်းလေ့ရှိသည့် အောင်လံမြို့က ပါးဖောင်းဖောင်းလေးနှင့် ကျောက်ကပ်ဝေဒနာရှင် ညီမငယ်လေး၏ ရီဝေဝေးမောနေသော မျက်ဝန်းများကို အမှတ်ရနေမိသည်။

ကျွန်မညီမ ပထမဆုံးအကြိမ်ဆေးရုံတွင်ဆေးသွင်းစဉ်က မစိုးရိမ်ဖို့၊ မကြောက်ဖို့၊ သူ့အနေဖြင့် ဆေးသွင်းပြီးမှ ကျန်းမာရေးပိုကောင်းလာမှု၊ အဖောအရောင် ပျောက်ကင်းသွားမှုများအပါအဝင် အားပေးစကားပြောကြားခဲ့သူ သနပ်ပင်မြို့က ဦးလေးကြီးကတော့ ဆေးပတ်အကြိမ်ရေ ပြည့်သွားခဲ့ပြီဖြစ်၍ ယခုတစ်ကြိမ်မှာတော့ မတွေ့ရတော့။

ထို့အတူ မကွေးမြို့ ရွာနီးချုပ်စပ်ကျေးရွာမှ တစ်ကျော့ပြန်ဆေးရုံလာတက်ခဲ့သည့် သမီးငယ်လေးကိုလည်း ယခုအခေါက် ဆေးရုံမှာ မတွေ့ရတော့။ သက်သာပျောက်ကင်းသွား၍ ဆေးရုံမှ ပြန်ဆင်းသွားသည်ဟု သတင်းစကားကြားသိရသည်။

ကျွန်မအဖို့မူ တစ်လတစ်ကြိမ် ခုတင်(၅၀၀) အထူးကုဆေးရုံကြီးသို့ ရောက်လေတိုင်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးပီပီ သံဝေဂဉာဏ်လည်း ပွားများရသလို ဝေဒနာရှင်များအတွက်လည်း မေတ္တာ၊ ကရုဏာပွားများရပါ၏။ ထို့အတူ ဝေဒနာရှင်များ၊ လူနာစောင့်များအတွက် အခါအားလျော်စွာ ထမင်း၊ ဟင်းများ လာရောက်လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၏ မွန်မြတ်သော အလှူဒါနအတွက်လည်း မုဒိတာပွားရပါ၏။

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ ။

# တောင်ကြီးတက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထူးပြုဘာသာရပ်ပေါင်းစုံ သွေးလှူဒါန်းပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၁၇

**"သင့်သွေးဖြင့် အသက်ကယ်ပါ" ဆောင်ပုဒ်နှင့်အညီ လူ့အသက်များကို ကယ်တင်နိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ် တက္ကသိုလ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ သွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီး တက္ကသိုလ် ကျိုင်းတုံခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က သွေးလှူဒါန်းခြင်းသည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သည့် မွန်မြတ်သော အလှူဒါနတစ်ခုဖြစ်ကြောင်း၊ သွေးလှူဒါန်းခြင်းသည် သွေးလိုအပ်သော အခြားသူတစ်ယောက်အား ကူညီပေးရုံမက လှူဒါန်းသည့် သွေးအလှူရှင်များအတွက် ကျန်းမာရေးအကျိုးကျေးဇူးများလည်း ရရှိနိုင်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပါ အထောက်အကူပြုကြောင်း ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ထောက်ပံ့ချီးမြှင့်ငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

ထို့နောက် စေတနာရှင်အလှူရှင်များက အလှူငွေများနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြရာ တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မော်မော်က လက်ခံယူသည်။ ယင်းနောက် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီတင်က သွေးလှူဒါန်းပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် စဝ်စံထွန်းဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဆေးရုံ အင်းလေးဆောင်တွင် ကျောင်းသား ကျောင်းသူ ၂၁၈ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့က သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်း

**သရက်ချောင်း ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (မြို့နယ်အဆင့်)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများနှင့် ခရိုင်/မြို့နယ်များအတွင်းရှိ ရွက်ပုန်းသီးအနုပညာရှင်များအား ရွေးချယ်ဖော်ထုတ်၍ ပြိုင်ပွဲဝင်ဘာသာရပ်အသီးသီးတွင် ကောင်းမွန်စွာ ဝင်ရောက် ယှဉ်ပြိုင်သွားကြရန်ဖြစ်ကြောင်း၊ မြို့နယ်ကိုယ်စားပြုအဆင့်မှသည် ခရိုင်အဆင့်အထိ အရည်အချင်းပြည့်ဝသည့် အနုပညာရှင်များအား ရွေးချယ်စေလွှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ယင်းနောက် မြို့နယ်အဆင့်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် အဖွဲ့ဝင်များက ယခင်နှစ်ဆောင်ရွက်ခဲ့သည့်အစီအစဉ်များ၊ ယခုနှစ်ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပသွားမည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းဖြတ်မြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် ဝန်ထမ်းများက ကလေးအလုပ်သမား အဓိပ္ပာယ်နှင့် အသက်မပြည့်သေးသူ ကလေးသူငယ်အချို့သည် လုပ်ငန်းခွင်နယ်ပယ်များတွင် တွေ့ရှိနေပုံများ၊ စာပေများကို လေ့လာဖတ်ရှုနိုင်ရေး၊ စာကြည့်တိုက်များတွင် စာပေများလေ့လာဖတ်ရှုနိုင်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောကြပြီးနောက် ကျောင်းသားကျောင်းသူများက ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ရွှေတောင် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၈ မြို့နယ်နှင့် တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အသက် ၁၈ နှစ်အောက်နှင့် အသက် ၂၀ နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြည်ခရိုင် ကိုယ်စားပြု ရွှေတောင်မြို့နယ်မှဆုရ ကျောင်းသား ကျောင်းသူများအား ယမန်နေ့ နေ့လယ်ပိုင်းက ဂုဏ်ပြုကြိုဆိုကြသည်။ **(အောက်ပုံ)**

အဆိုပါ ကြိုဆိုပွဲသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတောင် မြို့နယ်မှ ရွှေတံဆိပ်ဆု ၁၀ ဆု၊ ငွေတံဆိပ်ဆု ခြောက်ဆုနှင့် ကြေးတံဆိပ်ဆု တစ်ဆု၊ အမျိုးသား တံခွန်စိုက်ဆုဖလားနှင့် အမျိုးသမီးတံခွန်စိုက် ဒုတိယဆုရရှိခဲ့သဖြင့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# တနင်္သာရီမြို့နယ်၌ ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေး ဆေးတိုက်ကျွေး

**တနင်္သာရီ ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါမှ ကင်းဝေးစေရန် ရည်ရွယ်လျက်ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သည့် ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေး လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို မြို့နယ်ဆေးတိုက်အဖွဲ့ ၁၀ ဖွဲ့ဖြင့် ချောင်းကြီးရပ်ကွက်အတွင်း လိုက်လံဆေးတိုက်ကျွေးခြင်းကို ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်သည်။

ထိုသို့ တိုက်ကျွေးစဉ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးသောက်ခြင်း၏အကျိုးကျေးဇူးနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်းကို ပညာပေးဆွေးနွေးပေးကြပြီး တစ်ဖွဲ့လျှင် တစ်ရက် အိမ်ခြေ ၅၀ နှုန်းဖြင့် သုံးရက်ကြာ ဆေးတိုက်ကျွေးပေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးတိုက်အဖွဲ့များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွေးဟေမာသင်းက ဆင်ခြေထောက်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဆေးတိုက်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆေးတိုက်ကျွေးခြင်းစာရင်း မှတ်တမ်းပုံစံဖြည့်စွက်နည်းများကို ဆွေးနွေးပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်

# ဂါဇာဒေသ၌ ပိုလီယိုကာကွယ်ဆေး လှုပ်ရှားမှုအတွင်း တိုက်ပွဲများရပ်နားထားရန် ကုလတောင်းဆို

ဂါဇာ ဩဂုတ် ၁၇

ဂါဇာကမ်းမြောင်ဒေသတွင် ပိုလီယိုပိုးရပ်စ် တွေ့ရှိပြီးနောက် ကာကွယ်ဆေးတိုက်ကျွေးခြင်း လှုပ်ရှားမှုအတွင်း တိုက်ပွဲများ ရပ်နားထားရန် ကုလသမဂ္ဂက တိုက်တွန်းထားသည်။

ကာကွယ်ဆေးမထိုးရသေးသည့် အသက် ၁၀ လအရွယ် ကလေးငယ်တွင် ပိုလီယို ရောဂါပိုးတွေ့ရှိရကြောင်း ဂါဇာဒေသကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၁၆ ရက်တွင် ကြေညာခဲ့သည်။ ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပိုလီယိုဖြစ်ပွားမှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပိုလီယိုရောဂါသည် ကလေးငယ်များတွင် ဖြစ်ပွားပြီး ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုကို ဖြစ်ပေါ်စေသည်။ ဂါဇာဒေသတွင် ပိုလီယိုပိုးရပ်စ်ကူးစက်ပျံ့နှံ့နိုင်သည်ဟု ဇူလိုင်လအတွင်းကတည်းက ကုလသမဂ္ဂက သတိပေးခဲ့သည်။

ဩဂုတ်လ နှောင်းပိုင်းထက် နောက်မကျဘဲ ဂါဇာဒေသရှိကလေးငယ်ပေါင်း ၆၄၀၀၀၀ ကျော်ကို ကာကွယ်ဆေးပေးခြင်း အစီအစဉ်များ စတင်ရန် အသင့်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်တွင် ကြေညာခဲ့သည်။ ပိုလီယိုပိုးရပ်စ်ကို အလေးမထားဘဲ နေပါက ဂါဇာဒေသရှိပါလက်စတိုင်းကလေးငယ်များအတွက်သာမက အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းပါ ဆိုးရွားလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရပ်စ်က သတင်းစာ ရှင်းလင်းပွဲတွင် သတိပေးခဲ့သည်။

ကာကွယ်ဆေးပေးခြင်းအစီအစဉ် အောင်မြင်စေရန် ကလေးငယ်များနှင့် ကျန်းမာရေးလုပ်သားများအတွက် လုံခြုံစိတ်ချရမှုအာမခံချက် ရှိရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကာကွယ်ဆေးပေးခြင်း အစီအစဉ်ကို နှစ်ကြိမ်ပြုလုပ်မည်ဖြစ်ပြီး ပထမအကြိမ်ကို ဩဂုတ်လနှောင်းပိုင်းနှင့် နောက်တစ်ကြိမ်ကို စက်တင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။ ကာကွယ်ဆေးပေးသည့် အကြိမ်တိုင်းတွင် လူသားချင်းစာနာထောက်ထားမှုအတွက် ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရန် တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

# အစ္စရေးဗုံးကြဲတိုက်ခိုက်မှုကြောင့် ဂါဇာအလယ်ပိုင်း၌ ပါလက်စတိုင်း ၁၆ ဦးထက်မနည်းသေဆုံး

ဂါဇာ ဩဂုတ် ၁၇



ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်း အယ် - ဇာဝေဒါဒေသ၌ အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၆ ဦးထက် မနည်းသေဆုံးကြောင်း ပါလက်စတိုင်း တရားဝင်သတင်းအေဂျင်စီ ဝါဖာက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်သည်။

အယ် - ဇာဝေဒါဒေသအဝင် လမ်းအနီးရှိ တဲအိမ်တစ်ခုနှင့် အယ်လ်အဂျေမိသားစုပိုင် နေအိမ်တစ်လုံးပေါ်သို့ အစ္စရေးတိုက်လေယာဉ်က ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူပေါင်းများစွာ ဒဏ်ရာရရှိသဖြင့် ဒီယာအယ်လ် ဘာလာမြို့ရှိဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ဝါဖာသတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင် အလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင် အစ္စရေးက စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်နေပြီး အစ္စရေးတိုက်လေယာဉ်များသည် ဩဂုတ် ၁၆ ရက်က စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ၊ လက်နက်သိုလှောင်ရုံများနှင့် အခြားပစ်မှတ် ၄၀ ခန့်ကို ချေမှုန်းနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်မတော်၏ တိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အစ္စရေးအစိုးရပိုင် ကန်းတီဗွီ သတင်းက ဩဂုတ်၁၅ရက် ညပိုင်းတွင် ဖော်ပြခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသရှိဟားမားစ်အဖွဲ့ကို အစ္စရေးက ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူ ၄၀၀၀၅ ဦးအထိ ရှိခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေး အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား သုံးသန်းဝင်ရောက်ရန် ကြိုးပမ်း

ကိုလံဘို ဩဂုတ် ၁၇

သီရိလင်္ကာခရီးသွားလုပ်ငန်းအာဏာပိုင်များက ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားခရီးသွား သုံးသန်းခန့် ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗျူရို မန်နေးဂျင်း ဒါရိုက်တာ နာလင်း ပီရီရာက ပြောကြားသည်။

စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ သီရိလင်္ကာခရီးသွားလုပ်ငန်းအာဏာပိုင်များသည် အဓိကဈေးကွက်ရင်းမြစ်များသို့ ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုစီးရီးကို စတင်မည်ဖြစ်ကြောင်း ပီရီရာက ပြောကြားသည်။

လှုပ်ရှားမှု၏ ပထမအဆင့်တွင် တရုတ်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အိန္ဒိယတို့ကို အဓိကထားမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ရုရှား၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ ပိုလန်၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ်နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသကို ပစ်မှတ်ထားမည်ဖြစ်ကြောင်း ပီရီရာက ပြောကြားသည်။ အဆိုပါခရီးသွားမြှင့်တင်ရေး လှုပ်ရှားမှုများသည် လာမည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၇၀၀၀၀၀ အထိ တိုးလာရန် မျှော်လင့်ထားသည်။

သီရိလင်္ကာသို့ ဩဂုတ် ၁၂ ရက်အထိ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၂ သန်းကျော် ရောက်ရှိလာပြီး အောက်တိုဘာလမှ ဒီဇင်ဘာလအထိ နောက်ထပ် ၁ ဒသမ ၁ သန်း ဝင်ရောက်မည်ဟု မျှော်လင့်ထားကာ ၂၀၂၄ ခုနှစ်တွင် ခရီးသွား ၂ ဒသမ ၃ သန်းကို ဆွဲဆောင်နိုင်မည်ဟု မျှော်မှန်းထားသည်။ သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၂၀၂၄ ခုနှစ် ပထမ ခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံကျော်အထိ မြင့်တက်လာခဲ့သည်။

ဆင်ဟွာ

# အာဖရိကသို့ မျောက်ကျောက်ရောဂါကာကွယ်ဆေး အဆောတလျင် ပံ့ပိုးရန် IFRC တောင်းဆို

ပါရီ ဩဂုတ် ၁၇

အာဖရိကတိုက်၌ ကာကွယ်ဆေးထောက်ပံ့ရရှိမှု နည်းပါးနေပြီဟုဆိုကာ အာဖရိကတိုက်သို့ မျောက်ကျောက် ရောဂါကာကွယ်ဆေးအလျင်အမြန် ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းတစ်ခုက တောင်းဆိုလိုက်သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က အာဖရိကတိုက်တွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို နိုင်ငံတကာအတွက် စိုးရိမ်ရသော ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ယင်းတောင်းဆိုမှုပေါ်ထွက်လာခြင်း ဖြစ်သည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှုသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြန်လည်ဖြစ်ပွားလျက်ရှိပြီး အာဖရိကတိုက်ရှိ အခြားသော ဒေသများသို့လည်း ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) သည် သောကြာနေ့က ဆွစ်ဇာလန်နိုင်ငံ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ရောဂါကူးစက်ဖြစ်ပွားသည့် နေရာဒေသများစွာရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်။




ကပ်ရောဂါ ဖြစ်ပွားမှုသည် ယခင် ရောဂါကူးစက်ဖြစ်ပွားမှုထက် ကျော်လွန်လာပြီဖြစ်ကြောင်း၊ ယင်းမှာ မကြာသေးမီနှစ်များအတွင်း အာဖရိကတိုက်၌ ရင်ဆိုင်ကြုံတွေ့ရသော အထင်ရှားဆုံး ကျန်းမာရေးခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်ကြောင်း IFRC အကြီးတန်းအရာရှိ ဘရောင်းနီကိုးလ်က ပြောသည်။

ထို့ပြင် ကာကွယ်ဆေးများသည် ချမ်းသာကြွယ်ဝသော နိုင်ငံများတွင် သိုလှောင်ထားရှိဆဲဖြစ်ကြောင်း၊ အာဖရိကသို့ အဆောတလျင်ပံ့ပိုးရန် အဆိုပါ နိုင်ငံများကို တိုက်တွန်းထားကြောင်းလည်း ၎င်းက ဆက်ပြောသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ သို့မဟုတ် အာဖရိကစီဒီစီက အာဖရိကတိုက်တွင် မျောက်ကျောက်ရောဂါ ကာကွယ်ဆေး အလုံး ၁၀ သန်းကျော် လိုအပ်လျက်ရှိသော်လည်း လတ်တလောတွင် ကာကွယ်ဆေး ၂၀၀၀၀၀ ခန့်သာ ရှိကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

# ကာလဝမ်းရောဂါ ဖြစ်ပွားကြောင်း ဆူဒန် တရားဝင်ကြေညာ

ခါတွမ် ဩဂုတ် ၁၇

ဆူဒန်နိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီး ဟိုင်သမ် မိုဟာမက် အီဗရာဟင်က ဩဂုတ် ၁၇ ရက်တွင် တရားဝင်ကြေညာသည်။

**ကာလဝမ်းရောဂါကြောင့် လူပေါင်း ၃၁၆ ဦးခန့် သေဆုံး**

ဆူဒန်ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းတွင် ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်အရ ပြင်းထန်ကာလဝမ်းရောဂါ ဖြစ်ပွားနေကြောင်း အီဗရာဟင်က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။ ယင်းထုတ်ပြန်ချက်သည် ဆူဒန်တွင် ကာလဝမ်းရောဂါကြောင့် လူပေါင်း ၃၁၆ ဦးခန့် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားပြီးနောက် မကြာမီ ထွက်ပေါ်လာခြင်းဖြစ်သည်။

**ဦးနောက်အမြှေးရောင်ရောဂါကူးစက်မှုများ မြင့်တက်လာ**

ဆူဒန်နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၁၃၂၇ ဦးနှင့် သေဆုံးသူ ၃၁၆ ဦးရှိခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးနှင့် ဦးနောက်အမြှေးရောင်ရောဂါကူးစက်မှုများလည်း မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မာဂရက်ဟာရစ်က ဩဂုတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။ ကာလဝမ်းရောဂါကူးစက်ခံရသူ အရေအတွက်သည် ဖော်ပြထားသည့် ပမာဏထက်ပင် ပိုများနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

၂၀၂၃ ခုနှစ် ဧပြီလလယ်တွင် ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့နှင့် ဆူဒန်နိုင်ငံ၏ အရန်တပ်ဖွဲ့ဖြစ်သည့် အမြန်ထောက်ပံ့ရေး တပ်ဖွဲ့တို့ကြား စစ်ပွဲဖြစ်ပွားပြီးကတည်းက ကာလဝမ်း၊ ငှက်ဖျား၊ ဝက်သက်နှင့် သွေးလွန်တုပ်ကွေးကဲ့သို့သော ကပ်ရောဂါများ ပျံ့နှံ့ခဲ့ပြီး လူရာပေါင်းများစွာ သေဆုံးခဲ့သည်။

ဆင်ဟွာ

# အင်္ဂါဂြိုဟ်အတွက် အစားအစာနည်းပညာပြိုင်ပွဲ နာဆာကျင်းပ

အိုဟိုင်းယိုး ဩဂုတ် ၁၇

အင်္ဂါဂြိုဟ်ပေါ်တွင် ကြာရှည်စွာနေထိုင်နိုင်ရန် အစားအစာ လုံလောက်အောင် ပြုလုပ်နိုင်ရေး အကြံဉာဏ်များအတွက် ပြိုင်ပွဲတစ်ခုကို နာဆာနှင့် ကနေဒါနိုင်ငံရှိ အဖွဲ့အစည်းတို့က ပြုလုပ်ခဲ့သည်။ ပြိုင်ပွဲဝင်များသည် အင်္ဂါဂြိုဟ်ပေါ်တွင် ကာလရှည်ကြာနေထိုင်ကြမည့် အာကာသယာဉ်မှူးများအတွက် အရသာရှိပြီး အာဟာရပြည့်ဝသည့် အစားအစာများ ထုတ်လုပ်နိုင်ရေး နည်းပညာများ ယှဉ်ပြိုင်ပြသခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်တွင် ဩဂုတ် ၁၆ ရက်က ပြုလုပ်သည့် အာကာသ အစားအစာ စိန်ခေါ်မှုပြိုင်ပွဲတွင် တက္ကသိုလ်များနှင့် ကုမ္ပဏီများမှ အဖွဲ့ခုနစ်ဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ကယ်လီဖိုးနီးယားတက္ကသိုလ်နှင့် အခြားသောတီထွင်သူများ တီထွင်ထားသည့် သေတ္တာပုံသဏ္ဌာန် ကိရိယာသည် ရေနှင့် လူသားများ ရှူထုတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို အသုံးပြုကာ အာဟာရပြည့်ဝသော မှိုနှင့်ခရမ်းချဉ်သီးများ စိုက်ပျိုးကြီးထွားနိုင်ရေး လျှပ်စစ်ဓာတ်ကို အသုံးပြုကာ ဖန်တီးထားသည်။ ကော်လိုရာဒိုကုမ္ပဏီတစ်ခုမှ တည်ဆောက်ထားသည့် ဆလင်ဒါ မီးဖိုသည် မြေဆွဲအား သုညတွင်ပင် လုံလောက်သောအပူကိုပေးစွမ်းနိုင်သည်။ ဆလင်ဒါအတွင်းရှိ ပါဝင်ပစ္စည်းများနှင့် ရေမှုန်များက မိနစ် ၂၀ အတွင်း ပီဇာပူပူလေးရအောင် စွမ်းဆောင်နိုင်သည်။ အနိုင်ရရှိသည့် အဖွဲ့မှာ အလိုအလျောက်အပူချိန်နှင့် စိုထိုင်းဆထိန်းချုပ်ခြင်းဖြင့် ဟင်းသီးဟင်းရွက်များနှင့် စားသုံးနိုင်သည့် အင်းဆက်ပိုးမွှားများ မွေးမြူသည့်စနစ်ဖြင့် ယှဉ်ပြိုင်ခဲ့သော အဖွဲ့ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်တွင်းကြီးမြို့နယ် ငှက်ပစ်တောင်ကျောင်းတိုက် သွေးသန့်စင်စင်တာ တက်ရောက်ဖွင့်လှစ်

**တောင်တွင်းကြီး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ငှက်ပစ်တောင်ကျောင်းတိုက် သွေးသန့်စင်စင်တာဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ငှက်ပစ်တောင်ကျောက်ကပ်သွေး သန့်စင်စင်တာ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောက်ကပ်သွေးသန့်စင်စင်တာအတွင်း ဆေးကုသမှုခံယူနေသည့် လူနာများအား လှည့်လည်ကြည့်ရှုကာ အားပေးစကားများ ပြောကြားပြီး တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ငှက်ပစ်တောင် ကျောက်ကပ်သွေးသန့်စင်စင်တာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငှက်ပစ်တောင်ကျောင်းတိုက်အတွင်းရှိ ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး သက်ကြီးဘိုးဘွားများအား အားပေးစကားပြောကြားကာ အလှူငွေများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သည့် ငှက်ပစ်တောင်ကျောက်ကပ်သွေးသန့်စင်စင်တာ ဆောက်လုပ်မည့် အလျား ၁၅၅ ပေ၊ အနံပေ ၁၂၀ ရှိ မြေနေရာအား မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ငှက်ပစ်တောင်ဆရာတော်ကြီးက လှူဒါန်းခြင်းဖြစ်ပြီး အလျား ၄၇ ပေ၊ အနံပေ ၄၀၊ အမြင့် ၁၃ ပေရှိ ကွန်ကရစ်အဆောက်အဦကို ငွေကျပ်သိန်းပေါင်း ၉၀၀ ဖြင့်လည်းကောင်း၊ တစ်လုံးလျှင် ငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိ သွေးသန့်စင်စက်ငါးလုံး၊ ငွေကျပ်သိန်းပေါင်း ၅၆၀ တန်ဖိုးရှိ ရေသန့်စက်၊ ငွေကျပ်သိန်း ၉၀၀ တန်ဖိုးရှိ သွေးသန့်စင်မည့်ဆေးဝါးများကို စေတနာရှင်၊ အလှူရှင်များက စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က 11 KV ဓာတ်အားလိုင်း ပေ ၂၀၀ နှင့် 200 KV ထရန်စဖော်မာတစ်လုံး ငွေကျပ်အားဖြင့် ၇၉ ဒသမ ၁ သန်းကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**



## ရောဝတီတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပုသိမ် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကိုယ်ဝန်ဆောင်များနှင့် ရင်သွေးမိခင်များ တက်ရောက်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ်များအဖြစ် ဩဂုတ်လ၏ ပထမ ရက်သတ္တပတ်ကို မိခင်နို့စနစ်တကျ တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအနေဖြင့် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အတွက် နှစ်စဉ်နှစ်တိုင်း ဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရွေးချယ်ပေးပြီး ကျင်းပလေ့ရှိရာတွင် ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်မှာ“ မိခင်နို့တိုက်ကျွေးဖို့ အားလုံးကူညီပံ့ပိုးစို့” ဖြစ်ပါကြောင်း၊သို့ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးအတွက် အဓိကဆောင်ရွက်ရန်လိုအပ်သည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုအသိပညာ တိုးတက်စေရန် ရည်ရွယ်ကာ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနား ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စံပြမိခင်ဆု ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်အထူးဆုရရှိသူများကိုလည်းကောင်း ဆုများ ချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးဝါးများကို လည်းကောင်း တိုက်ကျွေးပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် အမှတ်တရလက်ဆောင် ပေးအပ်ကာ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူ ခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# စစ်ကိုင်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ လှူဖွယ်ပစ္စည်းများနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်

**မုံရွာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး မြစကြာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ဆွမ်းအခက်အခဲမရှိစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးတို့အား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုး ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သုဗောဓာရုံကျောင်းတိုက်၌ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးအား ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အဆိုပါစစ်ကိုင်းတောင်ရိုး မြစကြာကျောင်းတိုက်ရှိ ဆရာတော် သံဃာတော် ၅၄၅ ပါးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆွမ်းဆန် ၄၅ အိတ်၊ ဆီ ၈၁ ပိဿာ၊ ဆား ၃၄ ပိဿာ၊ ပဲ ၈၁ ပိဿာနှင့် သုဗောဓာရုံကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော် ၄၂၂ ပါးတို့အတွက် ဆွမ်းဆန် ၃၅ အိတ်၊ ဆီ ၆၃ ပိဿာ၊ ဆား ၂၆ ပိဿာ၊ ပဲ ၆၃ ပိဿာတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိရာ စစ်ကိုင်းခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့်စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက အခြေခံပညာကျောင်းများဖွင့်လှစ်ထားရှိမှု၊ ကျောင်းသားအပ်နှံမှုနှင့် ကျောင်းတက်ရောက်မှုအခြေအနေ၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ လိုအပ်မှုအခြေအနေ၊ ကျောင်းဆောင်အဆောက်အဦများ လိုအပ်မှုအခြေအနေများနှင့် သင်ကြားရေးနှင့် စီမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးကောင်းမြို့နယ်အတွင်း မိုးစပါး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးအတွက် မိုးစပါးစိုက်ပျိုးမှု လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဒေသအလိုက် တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ်ပင်းဘောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ အရပ်ဘက် လူမှုအသင်းအဖွဲ့များနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရပ်မိ၊ ရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ကျန်းမာရေး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ စာသင်ဆောင်များအတွင်း ပညာသင်ကြားနေသော Grade-12 ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်းကျိုင်းကျေးရွာသွား ကားလမ်းဘေး၌ ပင်းဘောကျေးရွာအုပ်စု ပင်းကျိုင်း၊ ရေတွင်း ကုန်း၊ ပဲခူးစု စသည့် ကျေးရွာများရှိ မိုးစပါးစိုက်ကွင်းများအတွက် အဓိကရေသောက်မြစ်ဖြစ်သော သဲဖြူချောင်း အရှည်ပေ ၁၈၀၀၀ ကျော်ကို သဲနုန်းတူးဖော် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ရေတွင်းကုန်းကျေးရွာပင်းဘောမြောက်/တောင်ကွင်းအတွင်းရှိ မိုးစပါးစိုက်ဧက ၄၅၀ အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက သဲဖြူချောင်းရေလွှဲဆည်မှ တူးမြောင်းမကြီး အရှည်ပေ ၃၀၀၀ ကျော်နှင့် လက်တံမြောင်း၊ မြောင်းခွဲများတွင် သဲနုန်းတူးဖော်ခြင်း၊ တူးမြောင်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ပင်လုံကျေးရွာ ပင်လုံကွင်း မိုးစပါး စိုက်လယ်မြေများအတွင်း စိုက်ပျိုးရေအတွက် နန့်စံကျင်ချောင်းပေါ်ရှိ ပင်လုံ ဆည်မှတစ်ဆင့် အရှည်ပေ ၁၆၀၀ရှိ ကွန်ကရစ်ရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး ထီးချိုင့်ကျေးရွာရှိ မိုးစပါးစိုက် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

လီဗာပူးအသင်းဘက်သို့ထိုးဖောက်ကစားနိုင်ခဲ့သည်။

ဩဂုတ် ၁၇ ရက်နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် မန်ယူအသင်းက အကြိတ်အနယ်ကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်အဖွင့် မျက်နှာပန်းလှခဲ့သည်။

အဆိုပါပွဲစဉ်ကို မန်ယူအသင်းအိမ်ကွင်းဖြစ်သည့် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားပြီး ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းသည် ပထမပိုင်းပွဲချိန်တွင် ဖူလ်ဟမ်အသင်းကို ခြေစွမ်းအသာဖြင့်ဖိအားပေး ကစားနိုင်ခဲ့သည်။ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများကို ကက်စမီရို၊ ဖာနန်ဒက်စ်တို့ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသည့်အတွက် နစ်နာခဲ့ရသည်။ ထို့ပြင် ဖူလ်ဟမ်အသင်း၏ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးအချို့ကိုလည်း မန်ယူအသင်းခံစစ်နှင့် ဂိုးသမား အိုနာနာတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ဒုတိယပိုင်းတွင် ကစားအားကျဆင်းလာသည့် အာမက်နှင့် မေဆင်မောင့်တို့ကို အနားပေးကာ ဂါနာချိုနှင့် ဇာဇီးတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ သို့သော်လည်း ပြိုင်ဘက်အသင်း၏ ခုခံကစားပုံ ကောင်းမွန်မှုကြောင့် မိနစ် ၈၀ ကျော်သည်အထိ မန်ယူအသင်း သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။ ပွဲချိန် ၈၇ မိနစ်တွင် မန်ယူအသင်းအတွက် အရေးပါသည့်တစ်လုံးတည်းသော အနိုင်ဂိုးကို လူစားဝင်တိုက်စစ်ကစားသမား ဇာဇီးက ဂါနာချို၏ ဖန်တီးမှုမှတစ်ဆင့် အဆုံးသတ်သွင်းယူပေးနိုင်ခဲ့သည်။

ထို့ပြင် ပွဲချိန်ပြည့်ခါနီးတွင် မန်ယူအသင်း ဒုတိယဂိုးရရှိရန် အကောင်းဆုံးအခွင့်အရေးရရှိခဲ့သော်လည်း ဂါနာချို၏ အဆုံးသတ်သွင်းယူမှု လွဲချော်ခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန်တစ်လျှောက် ဖူလ်ဟမ်အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေး လေးကြိမ်ထက်မနည်းရရှိခဲ့သော်လည်း လေးကြိမ်စလုံး လွဲချော်ခဲ့သည်။

လာမည့်ပွဲစဉ်တွင် မန်ယူအသင်းက ဘရိုက်တန်အသင်းအိမ်ကွင်း၌ သွားရောက်ကစားရမည်ဖြစ်ပြီး ဖူလ်ဟမ်အသင်းက လက်စတာအသင်းကို အိမ်ကွင်း၌ ဧည့်ခံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❊ *ကျောဖုံးမှ*

ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို နှစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ အား/ကာသိပ္ပံအသင်းသည်ရန်ကုန်ယူနိုက်တက်ကို အကောင်းဆုံး တုံ့ပြန်ကစားသော်လည်း အရှုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သည်။ ၂၅ မိနစ်တွင် ခိုင်ရဲဝင်းက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း သုံးမိနစ်အကြာမှာပင် ရန်ကုန် ယူနိုက်တက်အသင်း ပယ်နယ်တီပြန်ရပြီး ချေပဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ယင်းပယ်နယ်တီကို ရန်ကျော်ထွေးက သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၂ မိနစ်တွင် ရန်ကျော်ထွေး၊ ၆၅ မိနစ်တွင် ဒေးဗစ်ထန်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ရန်ကျော်ထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ကိုးမှတ်ရရှိထားသည်။

ပွဲစဉ်(၇) တတိယနေ့ကို ဩဂုတ် ၁၈ ရက်**(ယနေ့)** တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - MNL**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စစ်တွေမြို့ရှိ ဌာနဆိုင်ရာရုံးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်တွေ ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ၌ ဩဂုတ် ၁၇ ရက်က ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်နယ်လမ်းဦးစီးဌာနရုံး၊ ခရိုင်နှင့် မြို့နယ်ရုံးများ၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေး၍ ပြည်နယ်ဝန်ကြီးချုပ်က ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ဝန်ထမ်းများ စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ **(အပေါ်ပုံ)**

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ– ဝင်းမင်းစိုး**

# ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြော

**ပျဉ်းမနား ဩဂုတ် ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက ပြည်သူများ သတင်းအဆိပ်သင့်မှုမှ ကင်းဝေးစေရေးနှင့် သတိပြုရှောင်ရှားသင့်သည့် သတင်းတု၊ သတင်းမှားများ အကြောင်းကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ အမျိုးသားစာပေ တစ်သက်တာ ဆုရှင် ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာရေးဆရာများအနေဖြင့် ပြည်သူများ မှန်ကန်သည့် လမ်းကြောင်းပေါ်ရောက်ရှိစေရေး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစေရေးနှင့် အမျိုးသားရေး စိတ်ဓာတ်များ ခိုင်မာလာစေရေးအတွက် ပြည်သူ့အကျိုးပြု စာပေများကို ရေးသားခြင်းဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ဟောပြောဆွေးနွေးသည်။




ထို့နောက် ဒေသခံစာရေးဆရာများကိုယ်စား စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က မုဒိတာစကား ပြန်လည်ပြောကြားပြီး မိမိတို့ စာရေးဆရာများအနေဖြင့် စာပေများ ရေးသားရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ အဆိပ်အတောက်ကင်းသည့် စာပေများ ရေးသားစေလိုကြောင်း၊ ရည်မှန်းချက်ပန်းတိုင်တိကျခိုင်မာစွာ ထားရှိဆောင်ရွက်ရန်နှင့် စာပေရေးရာများကို ဟောပြောဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပင္လိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအသိပညာပေး

**သရက်ချောင်း ဩဂုတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ပင္လိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အ–ထ–က(သရက်ချောင်း) ပညာရတနာခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်မို့မို့အေးက ဌာန၏ လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များ၊ ပင္လိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အရေးယူနိုင်သည့်ဥပဒေများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ ကျား/မအခြေပြုလုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြန်/ဆက်ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများအား စာအုပ်စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများနှင့် ပြန်/ဆက် ပြည်သူ့စာကြည့်တိုက်များတွင် သုတ၊ ရသ၊ စာအုပ်စာစောင်များ အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်းတို့ကို ပြောကြားသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# ရပ်စောက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ရပ်စောက် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မိဘပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများတိုးပွားစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး) နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဩဂုတ် ၁၆ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးစိန်မောင်ဌေးက ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင်၏အဓိပ္ပာယ်၊ မိုးလေဝသနှင့်ရာသီဥတု၊ ရာသီဥတုပြောင်းလဲခြင်း၏ အကြောင်းရင်း၊ အဓိက မှန်လုံအိမ်ဓာတ်ငွေ့ခြောက်မျိုး၊ ရာသီဥတုပြောင်းလဲခြင်းဆိုတာဘာလဲ၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများနှင့် ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ဖြေရှင်းခြင်းစသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား မေးခွန်းများ မေးမြန်းကာ အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ဟောပြောပွဲသို့ သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ချောင်းဆုံ ဩဂုတ် ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ခနိုင်း(အမက)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၆ ရက်တွင် ဆောင်ရွက်ရာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းချောက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် စာအုပ်စာပေမှရရှိမည့် အသိပညာဗဟုသုတများအကြောင်း ပညာပေးဟောပြော၍ စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု တပ်ကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆ ပါးနှင့် ဒေသခံပြည်သူ ၁၉၀ တို့အား နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် သုပ္ပဋိပန္နစောခင်ဋ္ဌေးပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၆ ပါးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**
၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ အတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Eaindrey Shin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန်လျက်မှော်(အနောက်)ရပ်ကွက်နေ အိန္ဒြေရှင်(ခ)အိန်လေးအား နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ်၊ အမှတ်(၇)နယ်မြေစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-**

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သောဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
( ဈ ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။





ပဒုမ္မာလိုဏ်ဂူအပြင်ဘက် ပတ်ဝန်းကျင်မှ ဘုရားစေတီများ။

# ဘားအံမြို့ရဲ့ ခရီးစဉ်အသစ် ဖြစ်လာတော့မယ့် ပဒုမ္မာလိုဏ်ဂူ၊ ဖောင်တော်ဦးစေတီနဲ့ ရေတံခွန်

ယဉ်လာဒ်
ဓာတ်ပုံ-ဟိုတယ်ခရီးဝန်ကြီးဌာန

တောင်တွေရဲ့မြို့တော်လို့တင်စားရတဲ့ ဘားအံမြို့ပေါ်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ ပိုပြီးဖြစ်ထွန်းလာစေဖို့နဲ့ ခရီးစဉ်အသစ်အသစ်တွေ ပိုမိုထွက်ပေါ်လာစေဖို့ ကရင်ပြည်နယ်အစိုးရနဲ့ ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

### ပဒုမ္မာလိုဏ်ဂူခရီးစဉ်

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အသစ်ဖော်ထုတ်မယ့် ပဒုမ္မာလိုဏ်ဂူခရီးစဉ်က တော်ပုံကျေးရွာအုပ်စု တော်ပုံကျေးရွာ တောင်စွန်းတောင်မှာတည်ရှိပါတယ်။ ဘားအံမြို့ပေါ်ကနေ ၆ မိုင် ၂ ဖာလုံခန့်ကွာဝေးပြီး အချိန်အားဖြင့် ၁၅ မိနစ်ကျော်သာ သွားရတာမို့ သွားရောက်လည်ပတ်သင့်တဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။

ပဒုမ္မာလိုဏ်ဂူအတွင်းမှာ သဘာဝရေထွက်ပေါက်တွေရှိပြီး ရေခန်းခြောက်ခြင်းမရှိဘဲ နှစ်သစ်ကူးကာလရက်တွေမှာ လိုဏ်ဂူအတွင်း ငါးလွှတ်ခြင်းတွေကိုလည်း ပြုလုပ်လေ့ရှိကြပါတယ်။ နှစ်စဉ်မြန်မာ့ရိုးရာမဟာသင်္ကြန် အခါကြီးရက်ကြီးတွေမှာ တောင်စွန်းဆရာတော်က ကြီးမှူးပြီး ငါးလွှတ်ပွဲတွေကိုလည်း ပြုလုပ်နေပါတယ်။ ဒ့ါအပြင် ဂူအတွင်းထဲမှာ လင်းနို့ငှက်အကောင်ရေ ထောင်ကျော်လောက်နေထိုင်ကြတာကိုလည်း ခရီးသွားဧည့်သည်တွေအနေနဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်လို့ ဆိုပါတယ်။

### လူထုအခြေပြုခရီးသွားလုပ်ငန်းတွေ

ဘားအံမြို့မှာ လည်ပတ်စရာနေရာတွေက များပြားလှပါတယ်။ အမျိုးအစားစုံလင်လှတဲ့ ခရီးစဉ်တွေရှိတာမို့ ကြိုက်နှစ်သက်ရာ ခရီးစဉ်တွေကို လည်ပတ်နိုင်စေတာက ဘားအံမြို့ရဲ့ ခရီးသွားလုပ်ငန်း အားသာချက်တစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism – CBT) တွေ ပိုပြီးဖွံ့ဖြိုးလာစေဖို့လည်း ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇွန်လက ဒုံရင်းရေတံခွန်အထက်မှာရှိတဲ့ သမိုင်းဝင် ဘုရင့်လိုဏ်ဂူကိုလည်း ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖော်ထုတ်နိုင်ဖို့ ကွင်းဆင်းလေ့လာမှုတွေ ပြုလုပ်ခဲ့သေးတယ်လို့ ကရင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။



လှိုင်းဘွဲ့မြို့နယ် ကျောက်တောင်ကျေးရွာရှိ ဖောင်တော်ဦးစေတီတော်။

### ဖောင်တော်ဦးစေတီနဲ့ ရေတံခွန်

ဩဂုတ် ၁၆ ရက်ကလည်း ဘားအံမြို့နဲ့ ၂၄ မိုင်ခန့် ကွာဝေးတဲ့ လှိုင်းဘွဲ့မြို့နယ် ကျောက်တောင်ကျေးရွာမှာရှိတဲ့ ဆုတောင်းပြည့်ဖောင်တော်ဦးစေတီကို ခရီးသွားတွေ သွားရောက်ဖူးမြော်နိုင်စေဖို့ မြေပြင်ကွင်းဆင်းမှုတွေကို ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ မော်တော်ယာဉ်နဲ့ သွားရောက်ရင် ၄၅ မိနစ်ခန့်သာ ကြာမြင့်ပြီး လမ်းပန်းဆက်သွယ်ရေးလည်း လုံခြုံကောင်းမွန်တာကြောင့် ရာသီမရွေး သွားလာလည်ပတ်နိုင်ပါတယ်။



ဖောင်တော်ဦးစေတီတော်အနီးရှိ ရေတံခွန်။

အခုဆိုရင် ဖောင်တော်ဦးစေတီနဲ့ ရေတံခွန်ဆီကို နေ့စဉ်ဧည့်သည်ဦးရေ ၂၀၀ မှ ၃၀၀ ကြား လာရောက်လည်ပတ်နေကြပြီး လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်တွေကို သက်သတ်လွတ် ထမင်း/ဟင်းများနဲ့ နေ့စဉ် တည်ခင်းဧည့်ခံကျွေးမွေးလျက်ရှိတယ်လို့ သိရပါတယ်။ ဆုတောင်းပြည့် ဖောင်တော်ဦးစေတီတောင်ပေါ်ကို စောင်းတန်းမှတစ်ဆင့် တက်နိုင်သလို ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်မယ်ဆိုရင်လည်း တောင်တက်လမ်းတစ်လျှောက်က တောတောင် သဘာဝအလှတွေကို တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။

### ကမော့ပေါသစ်တောကြိုးဝိုင်းခရီးစဉ်

ဖောင်တော်ဦးစေတီ တောင်တက်လမ်းနဲ့ တစ်ဆက်တည်းတည်ရှိနေတဲ့ စေတီငယ်ပေါင်း ၅၂၈ ဆူ ဝန်းရံထားတဲ့ မြသိန်းတန်စေတီကိုလည်း သွားရောက်ဖူးမြော်နိုင်ပါသေးတယ်။ ဒ့ါအပြင် ဆုတောင်းပြည့်ဖောင်တော်ဦးစေတီနဲ့ မြသိန်းတန်စေတီတော်တည်ရှိရာ ကမော့ပေါသစ်တောကြိုးဝိုင်းကိုလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုအနေနဲ့ ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ဖော်ထုတ်ပြီး ပြည်တွင်းခရီးသွားဧည့်သည်တွေ ဘားအံမြို့ကို လာရောက်လည်ပတ်ခဲ့ရင် လည်ပတ်စရာ နေရာအသစ်တွေဖြစ်အောင် ဖော်ထုတ်နေပါတယ်လို့ ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိသူက ဆိုပါတယ်။

> “ဘားအံမြို့မှာ လည်ပတ်စရာနေရာတွေက များပြားလှပါတယ်။ အမျိုးအစားစုံလင်လှတဲ့ ခရီးစဉ်တွေရှိတာမို့ ကြိုက်နှစ်သက်ရာ ခရီးစဉ်တွေကို လည်ပတ်နိုင်စေတာက ဘားအံမြို့ရဲ့ ခရီးသွားလုပ်ငန်း အားသာချက်တစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism - CBT) တွေ ပိုပြီးဖွံ့ဖြိုးလာစေဖို့လည်း ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်”

ထုံးကျောက်တောင်တွေ ပတ်လည်ဝန်းရံထားတဲ့ အေးချမ်းပြီး နေချင်စဖွယ်ကောင်းလှတဲ့ ဘားအံမြို့ကို ၂၀၂၃ ခုနှစ်လောက်မှစတင်ပြီး လာရောက်လည်ပတ်ကြတဲ့သူ များပြားလာခဲ့ကာ တစ်ချို့ရက်တွေဆို ခရီးသွားဦးရေ ၄၀၀ ကျော်အထိ လည်ပတ်ခဲ့ကြပါတယ်။ ဘားအံမြို့ကို လာရောက်လည်ပတ်ကြတဲ့သူတွေက ဘားအံမြို့ရဲ့ ရှုခင်းကြည့်ကွက်တွေကို လာရောက်ပြီး အချိန်ပေးပြီး ဓာတ်ပုံရိုက်ကူးကြတာ များပြားပါတယ်။

ဘားအံမြို့ဟာ စိတ်ဝင်စားစရာ လည်ပတ်လေ့လာစရာတွေများလှတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်သလို ရန်ကုန်မြို့နဲ့လည်း အလှမ်းမဝေးလှတာမို့ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း အားသာချက်တွေများပြားလှတဲ့ မြို့တော်ဖြစ်ပါတယ်။

တောင်တွေရဲ့မြို့တော်လို့ခေါ်တဲ့ ဘားအံမြို့ဟာ စွန့်စားမှုခရီးစဉ်တွေအတွက် ရွေးချယ်မလား။ ဒါမှမဟုတ် သဘာဝအခြေခံခရီးစဉ်တွေကို စိတ်ဝင်တစား လေ့လာကြမလား။ ဂူလေ့လာရေးခရီးစဉ်တွေအနေနဲ့ သီးခြားလေ့လာချင်သလား။ ဓာတ်ပုံရိုက်ဖို့ ရှုခင်းရှုကွက်များပြားတဲ့ နေရာတွေကိုပဲ သွားရောက်လည်ပတ်ကြမလား။ ဒါမှမဟုတ် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို လေ့လာကြည့်ရှုလိုသလား စတဲ့ ရွေးချယ်စရာတွေများပြားလှတဲ့အပြင် အခုချိန်မှာ ခရီးစဉ်သစ်တွေလည်း ဆက်လက်ဖော်ထုတ်နေတာမို့ ခရီးသွားမြို့တော် ဘားအံမြို့ကို သွားရောက်လည်ပတ်လေ့လာနိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

❖ ❖ ❖

# သဘာဝဘေးဒဏ်သင့်ပြည်သူတွေထံ ထောက်ပံ့ကူညီရေး အခက်အခဲဖြစ်ပေါ်နေတဲ့ တောင်ဆူဒန်နိုင်ငံ

လင်းလက်ကြယ်

မိုး ခေါင်ခြင်း မြေအောက်ရေခန်းခြောက်လာခြင်း၊ မြေဆီလွှာခန်းခြောက်လာခြင်းတို့သာမက ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခြင်း၊ ရေခဲမြစ်တွေ အရည်ပျော်ခြင်း၊ အင်အားပြင်းတဲ့ မုန်တိုင်းတွေ၊ လေပြင်းတွေ ဖြစ်ပေါ်လာခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း စတဲ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဖြစ်စဉ်တွေက လောကလူသားတွေအပေါ် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေပါတယ်။

**အခက်အခဲဖြစ်ပွားလျက်ရှိ**

လတ်တလောမှာ အရှေ့အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တောင်ဆူဒန်နိုင်ငံမှာ ရေကြီးရေလျှံမှု ဖြစ်ပွားမှုတွေကြောင့် ငတ်မွတ်ခေါင်းပါးသူတွေထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီထောက်ပံ့ရေးမှာ အခက်အခဲဖြစ်ပွားလျက်ရှိပါတယ်။ တောင်ဆူဒန်နိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အရှေ့အာဖရိကဒေသမှာ တည်ရှိပါတယ်။

**လမ်းများပြတ်တောက်**

တောင်ဆူဒန်နိုင်ငံ အထူးပီဘာအုပ်ချုပ်ရေးနယ်မြေ (ဂျီပီအေအေ) မှာ ဖြစ်ပေါ်လျက်ရှိတဲ့ ငတ်မွတ်ခေါင်းပါးတဲ့သူတွေထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတွေဟာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး လမ်းများပြတ်တောက်လျက်ရှိတဲ့အတွက် အဟန့်အတားဖြစ်နေတယ်လို့ တောင်ဆူဒန်နိုင်ငံဆိုင်ရာ တာဝန်ရှိသူ တစ်ဦးဖြစ်သူ အိုလေယို အက်ခူရာက ဩဂုတ်လ ဒုတိယပတ်မှာ ပြောကြားထားပါတယ်။

**ထောက်ပံ့ကူညီမှုအပေါ်မှီခို**

ပီဘာ၊ ဂူမူရက်ခ်၊ လက်ခန်းဂိုးလီ၊ ဗားတက်သ်၊ ဂျိုဘဲ ဘွန်မာ၊ ပိုချယ်လာစတဲ့ ဒေသခြောက်ခုရှိ ခန့်မှန်း လူဦးရေ ၃၆၅၃၄၂ ဦးရဲ့ ၉၀ ရာခိုင်နှုန်းမှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုအပေါ် မှီခိုအားထားနေရတယ်လို့ ဂျီပီအေအေရှိ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဝန်ကြီး အိုလေယို အက်ခူရာက ပြောပါတယ်။

**စားရေရိက္ခာပြတ်တောက်**

လက်တလောမှာ ပီဘာရုံးချုပ်အပါအဝင်နဲ့ ဂျိုဘဲ ဘွန်မာ၊ ပိုချယ်လာတို့ကဲ့သို့ ဝေးလံခေါင်သီတဲ့ နေရာဒေသ အများအပြား စားရေရိက္ခာပြတ်တောက်မှု ဖြစ်ပေါ်နေတဲ့အတွက် ဒေသခံပြည်သူတွေဟာ စိတ်ပျက်နေကြတယ်လို့ ဆင်ဟွာသတင်းဌာနနဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားထားတယ်။



အစားအစာရရှိရေးအတွက် တန်းစီစောင့်ဆိုင်းနေသည့် ကလေးငယ်များ။

❖ **လွန်ခဲ့တဲ့ နှစ်လအတွင်းမှာ ငတ်မွတ်ခြင်းကြောင့် လူပေါင်း ၃၀ ခန့် အသက်ဆုံးရှုံးခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ဒါ့ပြင် တောင်ဆူဒန်နိုင်ငံရဲ့ မြို့တော် ဂျူဘာနဲ့ ပီဘာဒေသအကြား ဆက်သွယ်ထားတဲ့ လမ်းကွန်ရက်တွေကလည်း ဆိုးရွားလွန်းတာကြောင့် ငတ်မွတ်ခေါင်းပါးမှုဒဏ် ခံစားနေရသူတွေထံ ရောက်ရှိဖို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီတွေရဲ့ ဆက်လက်ကြိုးပမ်း အားထုတ်မှုတွေ အခက်အခဲဖြစ်ပေါ်နေ**



ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေသူများကို တွေ့ရစဉ်။

**လူပေါင်း ၃၀ ခန့် အသက်ဆုံးရှုံးခဲ့ရ**

လွန်ခဲ့တဲ့ နှစ်လအတွင်းမှာ ငတ်မွတ်ခြင်းကြောင့် လူပေါင်း ၃၀ ခန့် အသက်ဆုံးရှုံးခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ဒါ့ပြင် တောင်ဆူဒန်နိုင်ငံရဲ့ မြို့တော် ဂျူဘာနဲ့ ပီဘာဒေသအကြား ဆက်သွယ်ထားတဲ့ လမ်းကွန်ရက်တွေကလည်း ဆိုးရွားလွန်းတာကြောင့် ငတ်မွတ်ခေါင်းပါးမှုဒဏ် ခံစားနေရသူတွေထံ ရောက်ရှိဖို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီတွေရဲ့ ဆက်လက်ကြိုးပမ်း အားထုတ်မှုတွေ အခက်အခဲ ဖြစ်ပေါ်နေတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

**စားသောက်ကုန်တွေ ပြတ်တောက်**

မိုးရာသီစတင်တဲ့ချိန်မှာ လမ်းတွေ ပြတ်တောက်သွားပြီး အထူးပီဘာဒေသမှာရှိတဲ့ အဓိကဈေးတွေမှာလည်း စားသောက်ကုန်တွေ ပြတ်တောက်သွားပြီး အခြေအနေဆိုးရွားနေတယ်လို့ အက်ခူရာက ပြောပါတယ်။ စားရေရိက္ခာထောက်ပံ့မှုလည်း မရှိဘူးလို့ ဆိုပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ပရဟိတအဖွဲ့ဖြစ်တဲ့ Oxfam အဖွဲ့က ယခုလ အစောပိုင်းက ပီဘာဒေသမှာ လူ ၁၂ ဦးခန့် ငတ်မွတ်ခြင်းကြောင့် သေဆုံးခဲ့ရတယ်လို့ ဩဂုတ်လ ပထမပတ်မှာ ထုတ်ပြန်ကြေညာထားပါတယ်။

တောင်ဆူဒန်နိုင်ငံရှိ Oxfam အဖွဲ့ ဒါရိုက်တာ မာနန်းဂျီ မန်ဂွန်းဒူက ယခုသီတင်းပတ်က ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ ပီဘာအထူးဒေသရဲ့ အခြေအနေက ကြေကွဲဝမ်းနည်းဖွယ်ကောင်းပြီး လူပေါင်းထောင်ချီမှာလည်း ငတ်မွတ်ခေါင်းပါးမှုဘေးနဲ့ ကြုံတွေ့နေရတယ်လို့ ဖော်ပြထားပါတယ်။

**ပြင်းထန်အာဟာရချို့တဲ့မှုဖြစ်ပွား**

ဒါ့အပြင် ကလေးငယ်အများစုမှာ ရက်ပေါင်းအတန်ကြာ စားသောက်စရာ မရှိတဲ့အတွက် ပြင်းထန်တဲ့ အာဟာရချို့တဲ့မှုဖြစ်ပွားနေကြောင်း မန်ဂွန်းဒူက ပြောပါတယ်။ လူပေါင်း ၇၉၀၀၀ နီးပါး စားရေရိက္ခာ မလုံလောက်မှုအဆင့်နဲ့ ရင်ဆိုင်နေရမှုအပါအဝင် တောင်ဆူဒန်နိုင်ငံမှာ လူပေါင်း ခုနစ်သန်းကျော် အလွန်အမင်း ငတ်မွတ်ခြင်းဘေးနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။ ယင်းအရေအတွက်မှာ ယမန်နှစ်ကထက် နှစ်ဆကျော် ပိုများပြားတယ်လို့ ဆိုပါတယ်။

**ထောက်ပံ့ကူညီပေးနိုင်ရေး**

စက်တင်ဘာလမှစတင်ကာ တောင်ဆူဒန်နိုင်ငံမှာ ရေကြီးရေလျှံမှုဒဏ်ခံစားနေရတဲ့ လူပေါင်း ၃ ဒသမ ၃ သန်းအနက် ၂ ဒသမ ၄ သန်းကို ထောက်ပံ့ကူညီပေးနိုင်ရေး စီစဉ်နေတယ်လို့ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအဖွဲ့က ဇူလိုင်လ နောက်ဆုံးပတ်မှာ ပြောကြားထားပါတယ်။ ကုလသမဂ္ဂနဲ့ ၎င်း၏ မိတ်ဖက်တို့ဟာ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုအတွက် တောင်ဆူဒန်အစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ပံ့ပိုးပေးလျက်ရှိကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောပါတယ်။

**အကူအညီလိုအပ်မှုဆိုးရွားနေ**

ဒါ့အပြင် အိုးအိမ်စွန့်ခွာခဲ့ရသူများအတွက် ကျန်းမာရေးနဲ့ အာဟာရဆိုင်ရာ ဝန်ဆောင်မှုတွေ၊ အမိုးအကာတွေနဲ့ စားရေရိက္ခာ ထောက်ပံ့ကူညီပေးမယ်လို့လည်း အိုစီအိတ်ချ်အေက ပြောပါတယ်။ အိမ်နီးချင်း ဆူဒန်နိုင်ငံမှာ ပဋိပက္ခဖြစ်ပွားမှုနဲ့ တခြား စိန်ခေါ်မှုတွေက တောင်ဆူဒန်နိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်မှုကို ပိုမိုဆိုးရွားစေတယ်လို့ အိုစီအိတ်ချ်အေက သတိပေးပြောကြားထားပါတယ်။

ဆူဒန်နိုင်ငံမှာ ပဋိပက္ခဖြစ်ပွားတဲ့ ယမန်နှစ် ဧပြီလကတည်းက နေရပ်ပြန်နဲ့ ဒုက္ခသည်ပေါင်း ၇၇၀၀၀၀ ကျော်ဟာ နယ်စပ်ကို ဖြတ်ကျော်ကာ တောင်ဆူဒန်နိုင်ငံထဲသို့ ထွက်ပြေးလာကြတယ်လို့လည်း အိုစီအိတ်ချ်အေက မှတ်ချက်ပြုပြောကြားထားပါတယ်။

ကိုးကား – ဆင်ဟွာ

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက ကယားပြည်နယ် အသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ (အမျိုးသမီး)ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခုနစ်ဂိုး - ခြောက်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။**သတင်းစဉ်**



# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၈၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ရေနွေးခွက်ဘူး ၂၉၉ လုံး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၅၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အပြင် ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ လမ်းဆုံအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး၊ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၅၀၀၀ ၊ Ensure Gold Vanilla ဘူး ၃၆၀ ၊ Feline Pro ကြောင်စာ ၂၀ ကီလိုဂရမ်ပါ ၁၀ အိတ် အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီးနှင့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း(**အပေါ်ပုံ**)၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ဝ၅၈ တန်နှင့် သစ်မာ ၁ ဒသမ ဝ၇၂၆ တန်၊ အခြား ဝ ဒသမ ၅၇၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၉၂၃၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၄၉၄၂၃၄ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Smile Tissue အထုပ် ၂၁၈၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အိန္ဒိယနိုင်ငံထုတ် ဆေးဝါး Merosafe Powder for Injection ပိုးသတ်ဆေး ဘူး ၁၉၃၈၀ အပါအဝင် ဆေးဝါး နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၄၇၃၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၃၅၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၅၀၄၅၃၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




## MNL-2 ပွဲစဉ်(၄)ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည်။

ပွဲစဉ် (၄) တွင် ရာမညယူနိုက်တက်အသင်းက Chinland အသင်းကို လေးဂိုးပြတ်၊ တက္ကသိုလ်အသင်းက Glory Goal အသင်းကို လေးဂိုးပြတ်၊ ကချင်ယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုးပြတ်၊ ငွေကြယ်ပွင့်အသင်းက ရောဝတီရိန်းဂျားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်(၄) အပြီးတွင် တက္ကသိုလ်အသင်းက ၁၀ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရာမညယူနိုက်တက်အသင်းက ရှစ်မှတ်၊ ကချင်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ Chinland အသင်းက ခြောက်မှတ်၊ ငွေကြယ်ပွင့်အသင်းက ငါးမှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် Glory Goal အသင်းတို့က လေးမှတ်စီရရှိထားကာ ရောဝတီရိန်းဂျားအသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်လွင်

## ကျောက်ဆည်နှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် ကျောက်ဆည်မြို့နယ် ဆူးလေကုန်းကျေးရွာအုပ်စု ဆူးလေကုန်းကျေးရွာရှိ ကျော်စွာလင်း (ခ) ဝကြီး၏ ခြံဝင်းကို သတင်းအရ ရှာဖွေရာ ဓာတုပစ္စည်းများဖြစ်သည့် ငွေကျပ်သိန်း ၂၉၀၀ ကျော်တန်ဖိုးရှိ CAUSTIC SODA ၆၀၀၀၀ ကီလိုနှင့် Citric Acid ၄၅၀၀ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် သိန်းဝင်းကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) အနီးတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် ရပ်စောက်မြို့ ဈေးတန်းရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အေးမျိုး(ခ)ဖိုးထောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျုံပျော်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ လပွတ္တာမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ဝ၇ လက်မ၊ ဝမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကလေးမြို့နှင့် လှည်းကူးမြို့တို့တွင် ၂ ဒသမ ၈၄ လက်မစီနှင့် ဓနုဖြူမြို့တွင် ၂ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ ကွက်အမှတ် (၆)နေ ဦးစိုးချိန်၏သမီး၊ မိပန်းသဇင် ၁၀/မဒန(နိုင်)၂၆၀၄၇၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၈၈၅၂၅၅၇

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၄နှင့် ဆက်သွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၅၅**

ဦးတင်အောင် နှင့် ၁။ ဒေါ်ကြူကြူစိန်
၂။ မိခင်မေသန်း

ဒီကရီအနိုင်ရသူ တရားရှုံးများ

ဒေါ်ကြူကြူစိန်၊ အမှတ်(၇၁) ကိုအောင်ကြီးလမ်း၊ ဇီးကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၄တွင်၊ ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးတင် အောင် ကလျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံး တော်ရှေ့လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

(ဒေါ်ပန်းစိန်)
ဒုတိယခရိုင်တရားသူကြီး(၁)
မော်လမြိုင်ခရိုင်တရားရုံး




## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစကျွ ဒါနဆေးရုံကြီး၌အောင်စကြာဆရာတော်ဦးဆောင်၍လူမျိုးဘာသာဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/64973, CATOL -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းညွန့်နိုင် ၉/အမရ(နိုင်) ၁၀၅၁၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ-၂၂ )**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၁ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၉**

ဒေါ်မြင့်မြင့်စိုး(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဝေဇင်မြင့် နှင့် ဦးအောင်ဇော်သန်း
(တရားနိုင်) (တရားရှုံး)

ဦးအောင်ဇော်သန်း (ဘ)ဦးခင်မောင်ကြီး၊ ၃၅x၃၆လမ်းကြား၊ ၇၄x၇၅ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀ ၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၁ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀ ၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် ( ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန်းစမ်ငင်း)
တွဲဖက်ခရိုင်တရားသူကြီး (၃)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၁နှင့် ၅)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၃**

ဒေါ်ဖြိုးသဇင် နှင့် ဒေါ်အေးသီတာဦး
(တရားလို) (တရားပြိုင် )

မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ကုက္ကိုတန်းရပ်၊ ရွှေဝါ(၂)လမ်း၊ အမှတ်(၁၇)နေ တရားပြိုင် ဒေါ်အေးသီတာဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း ငွေကျပ် ၂၄၀၀၀၀၀၀(ငွေကျပ်နှစ်ရာ့လေးဆယ်သိန်းတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၅ရက်(၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်မြင့် )
တွဲဖက်ခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၃)၊ ဦးပိုင်အမှတ်(၁၄၀/က)၊ မြေရီယာ (၀.၀၉၂)ဧကရှိ မြေကွက်သည် မူလက ဦးမြင့်စိန်အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်ဦးမြင့်စိန်(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဘောက်နော်)က (၅-၇-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၃၄/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်ထွန်းမေ ၁/မကန(နိုင်)၀၃၃၁၆၄ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ထွန်းမေအမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သီလဝါစက်မှုဇုန်)၊ မြေကွက်အမှတ်(၁၄၄)၊ ဧရိယာ(၁.၈၃၇)ဧက (၈၀၀၂၀)စတုရန်းပေခန့် အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဦးစည်သူ(ဘ)ဦးဝင်းမြင့် (၁၂/တမန(နိုင်)၀၇၅၃၀၃)၏ အမည်ဖြင့် ငွေသွင်းထားသော စလစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမြတ်သူ(ဘ)ဦးအိုက်ထွန်း (၉/မနမ(နိုင်)၁၂၃၆၃၇)က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီဝမ်းလှိုင်အောင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)
တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၄၂၀၂၂၃၈၈၈

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၂၅၂)၊ ပုလဲငွေရောင်ရပ်ကွက်၊ လမ်း၂၀၊ ၈၂ x ၈၃လမ်းကြား(ဘ) ဦးလှရွှေ၏သမီး မဆုမြတ်ပန် ၉/မကန(နိုင်)၁၃၀၃၈၀ ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၉၈၀၉၃၈၆၅သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

မကွေးမြို့၊ ရွှေညောင်(၂) ရပ်ကွက်၊ လမ်းမတော်လမ်းနေ (ဘ)ဦးချစ်သန်း၏သမီး မကေသွယ်ထွေး ၈/မကန(နိုင်)၁၁၅ ၄၄၇ ၏နိုင်ငံကူးလက်မှတ်အမှတ် (182946)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၅၂၄၆၆၂၄

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

(ဘ)ဦးသိန်းမြင့်၏သား ဦးတင်မိုးဝင်း ၇/ဝမန(နိုင်)၁၁၃၄၉၇နှင့် (ဘ)ဦးလေးမြင့်၏သမီး ဒေါ်ဇင်မာမြင့် ၁၂/ကခက(နိုင်)၀၅၁၇၈၈)တို့သည်(၁၂-၇-၂၀၂၄)ရက်က သက်သေများရှေ့မှောက်တွင် အီလက်ထရောနစ်(Online)စနစ်ဖြင့် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်မှုလုံးဝမရှိတော့ကြောင်း၊ နှောင့်ယှက်ခြင်း၊ ကန့်ကွက်ခြင်း၊ တားမြစ်ခြင်း၊ တိုင်ကြားခြင်း တစ်စုံတစ်ရာ ပြုလုပ်မည်မဟုတ်ကြသည့်အပြင် အပြီးအပြတ်ပြတ်စဲကြခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဇော်(မရမ်းကုန်း)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၃)
ဖုန်း-၀၉-၂၅၃၂၂၅၁၅၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ ဗိုလ်မိုးကြိုးလမ်း၊ မြေကွက်အမှတ် (၃၀၂)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဦးမောင်မောင်စိုး (၁၂/သကတ (နိုင်) ၀၁၅၆၇၀) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်စိုး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးဇော်ထွန်းအောင်
LL.B, D.B.L, D.M.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## မယင်းမာမြင့် ၃/ဘအန(နိုင်)၁၅၂၁၉၁ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၈၁-၈)၊ ဦးပိုင်အမှတ်(N-၇၅)မှ ခွဲထွက်မြေဧရိယာ (၁၀၈X၈၀)ပေအကျယ်အဝန်းရှိသောမြေထဲမှ အကျယ်အဝန်း(၄၀x၅၁)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လက်စ (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၅-၇-၂၀၂၄)ရက်က နှစ်ဦးသဘောတူ မြေကွက်ရောင်းဝယ်ခြင်း ကတိစာချုပ်ဖြင့် ဒေါ်ယင်းမာမြင့် ၃/ဘအန(နိုင်) ၁၅၂၁၉၁ထံမှ ဒေါ်မို့မို့စိုး ၁၄/မန(နိုင်)၁၅၉၂၇၈၈က ဝယ်ယူခဲ့ပါသည်။ ဒေါ်မို့မို့စိုးအနေဖြင့် ဒေါ်ယင်းမာမြင့်ထံမှ ဝယ်ယူခဲ့ရာတွင် ဒေါ်ယင်းမာမြင့်မှ မူလမြေပိုင်ရှင် ဦးဖြိုးဝေထွန်းနှင့် ဒေါ်မေသက်ထားတို့ထံမှ ဝယ်ယူထားသော (၁၀-၅-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်ရောင်းဝယ်ခြင်း ကတိစာချုပ်(မူရင်း)၊ ဆောက်လက်စ(၂)ထပ်တိုက်အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ဦးပိုင်မြေကွက်အမှတ် (N-၇၅)နှင်ပတ်သက်၍ ဒေါ်ယင်းမာမြင့်မှ ပိုင်ဆိုင်ခွင့်မရှိတော့ပါကြောင်းနှင့် ယင်းမြေကွက်နှင့် ဆောက်လက်စ(၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မို့မို့စိုးတစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်းကို ဒေါ်ယင်းမာမြင့်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ပပထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ
စဉ်-၁၁၀၀၉
အမှတ်၁၅၆၀၊ မြစ်ငယ်(၁)လမ်း၊ ရွှေကြာပင်ရပ်ကွက်၊
ဖုန်း-၀၉-၂၅၀၂၉၂၃၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အကွက်အမှတ်(ဈ/၆၁)၊ ဧရိယာ(၀.၀၅၅) ဧကကို ဦးစိုးကြည်အမည်ဖြင့် ချထားသည့် မြေပေးမိန့်ဖြင့် ပိုင်ဆိုင်လာခဲ့သော ဦးမျိုးသီဟဇော်ထံမှ ယင်းမြေနှင့်မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လွင်က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်လွင် (ခ)ဦးမောင်လွင်
(ဘ)ဦးမောင်လေး ၁/ဗမန(နိုင်) ၀၁၁၁၇၄၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေသန်းနွယ် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၉၈၃၄)၊
နေပြည်တော်လမ်း၊ မင်းလမ်းရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၅၀၆၇၆၈၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၄၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/သဖရ(နိုင်)၀၉၉၉၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၂၇၆၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၀/သဖရ(နိုင်)၁၆၇၆၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၇၉၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင်ထွန်း ၁၀/မလမ(နိုင်)၂၆၆ ၅၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၂ယ/၃၀၄၂၃, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၃ယ/၄၀၆၁၄, New Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/91045 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/56839 Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/68161 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/37577 Yamaha FZ 150 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3616 Suzuki Carry DA16T Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားချင် ၁၃/ကလတ(နိုင်)၀၁၉၃၄၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**သင့်ကြောင့် မီး မလောင်ပါစေနှင့်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၆

ဦးစိုးမင်းအောင် **နှင့်** ၁။ ဦးလီရှန်ဆန်
၂။ ဒေါ်အေးအေးမင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(ဆ-၇/၁၈)၊ အမှတ်(၂) ရပ်ကွက်နေ ဦးလီရှန်ဆန်(ဘ)ဦးလီခိုင်လန့်၊ ဒေါ်အေးအေးမင်း (ဘ)ဦးဝေမြင့် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

